# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၂) ၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် ၊ ၃၁–၁၂–၂၀၂၄ ၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




# ရန်ကုန်တိုင်းဒေသကြီး၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ နာယက ဦးစောထွန်းအောင်မြင့်နှင့်ဇနီး၊ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီရယ်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်အမျိုးသားအလံကို လွှင့်တင်ကာ အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

**စာမျက်နှာ ၄ သို့** ○

## နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီအချိန်မှစတင်၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံကျော် အဆိုတော်များဖြစ်ကြသော အုပ်စိုးခန့်၊ ဇော်ကို၊ မယ်လိုဒီ၊ ပိုပို၊ မေလသံစဉ်တို့နှင့် တွဲဖက်လျက် မန်းစည်ပင်ခေတ်ပေါ်တေးဂီတ၊ DJ တို့ဖြင့် တွဲဖက်ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ပါကြောင်း အသိပေး အပ်ပါသည်။

**(မန္တလေးနေ့စဉ်)**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့် သာယာမည်

**(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ အင်္ဂါနေ့။

## လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အနေဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်က နှစ်စဉ် မွေးမြူရေးနှင့် တိရစ္ဆာန်ဆေးကုပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည်။

မောင်တို့မယ်တို့ လျှောက်လှမ်းကြရမည့် ဘဝခရီးအတွက် ခြေလှမ်းအစဖြစ်ပြီး အနာဂတ်ခြေလှမ်းများကို ရှေ့ဆက်ရန် အခွင့်အလမ်းလည်းဖြစ်ကြောင်း၊ တိုးပွားလာမည့် လူသားသန်းပေါင်းများစွာအတွက် ကျန်းမာသန့်ရှင်းသော အစားအစာအလုံအလောက်ထွက်ရှိရန်၊ ရှိပြီးသော အရင်းအမြစ်များ မပျက်စီးဘဲ စိုက်ပျိုးမွေးမြူနိုင်ရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရန်၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏအနည်းဆုံးနှင့် စိုက်ပျိုးမွေးမြူနိုင်ရန် ယနေ့ကမ္ဘာတွင် စက်မှုလယ်ယာခေတ်ကို ကျော်လွန်ပြီး Second Agricultural Evolution ကို စတင်ခြေလှမ်းနေပြီဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် အလိုအလျောက်စနစ်(Automation)၊ ဉာဏ်ရည်တုနည်းပညာ(Artificial Intelligence)၊ မျိုးရိုးဗီဇတည်ဆောက်ပြုပြင်သောစနစ်(Genetic Engineering)၊ ဆက်သွယ်ရေးနည်းပညာ(Internet of Things) အစရှိသည့် နည်းပညာများကို မိမိတို့ မျိုးဆက်သစ်ပညာရှင်များအနေဖြင့်လည်း နိုင်ငံတကာနည်းတူ အသုံးပြုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်ဖွံ့ဖြိုးအောင်၊ ကမ္ဘာနှင့် ရင်ပေါင်တန်းပြီး ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက် ဖြည့်ဆည်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အမိတက္ကသိုလ်ကြီး၏ ဂုဏ်သိက္ခာကို ဝင့်ထည်အောင် ကျင့်ကြံဆောင်ရွက်ကြရန်လိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရေဆင်းရှိ အဆိုပါတက္ကသိုလ်၌ ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ တိုက်တွန်းမှာကြားခဲ့သည်။

နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အနေဖြင့် တည်ထောင်ခဲ့သည့် (၁၉၅၇)ခုနှစ်မှ ယနေ့အထိ (၆၇)နှစ်အတွင်းမှာ တိရစ္ဆာန်ဆေးသိပ္ပံ BVS/BVSc ဘွဲ့ရ ၅၆၇၂ ဦး၊ မွေးမြူရေးပညာ BASc ဘွဲ့ရ ၂၅၃ ဦး၊ တိရစ္ဆာန်ဆေးပညာ DVM ဘွဲ့ရ ၁၈၃ ဦး၊ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းဒီပလိုမာ Dip.L.I.S ၂၂၀ ဦး၊ မွေးမြူ ထုတ်လုပ်ရေးဒီပလိုမာ Dip.L.P.A ၄၄၉ ဦး၊ တိရစ္ဆာန်ဆေးပညာမဟာဒသန Mphil ၂၁ ဦး၊ မွေးမြူရေးမဟာပညာ MASc တစ်ဦး၊ တိရစ္ဆာန်ဆေးပညာမဟာ MVM ကိုးဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံ MVSc ၃၄၁ ဦး၊ ပါရဂူ PhD ၂၅ ဦးတို့ကို မွေးထုတ်ခဲ့ပြီး ယနေ့ ကျင်းပသည့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် BASc ဘွဲ့ရ ၅၄ ဦး၊ DVM ၇၅ ဦး၊ MASc တစ်ဦး၊ MVSc ခြောက်ဦး စုစုပေါင်း ၁၃၆ ဦးကို သက်ဆိုင်ရာဘွဲ့များ ချီးမြှင့်ခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## ဆောင်းအမှတ်တရ စုပေါင်းပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၃၀**

ဆောင်းအမှတ်တရ စုပေါင်းပန်းချီပြပွဲကို ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ Mandalay Hill Art Gallery စုပေါင်းပန်းချီပြပွဲအဖြစ် ပြသသွားမည်။

ပြပွဲတွင် ပန်းချီဆရာ ၁၈၀ ဦးကျော် ကားပေါင်း ၂၀၀ ကျော် ဆီဆေး၊ ရေဆေး ခဲ၊ အခရိုင်းလစ်၊ Mix Medium အရွယ်စုံ အနည်းဆုံး ငွေကျပ် ၅၀၀၀၀၊ ဒေါက်တာကိုကိုကြီး၏ ငွေကျပ်သိန်း ၁၅၀ တန် ပန်းချီကား အပါအဝင် တန်ဖိုးရှိ ပန်းချီကားများ ပြသသွားမည်ဖြစ်ပြီး ကြေးသွင်းရုပ်တုများလည်း ပါဝင်ပြသသွားမည်။

အဆိုပါပြပွဲတွင် နာမည်ကြီးပန်းချီဆရာများဖြစ်သည့် (ဦးခင်မောင်စန်း)၊ (ဦးလှထွန်း)၊ (ဦးဇော်ဝင်း-သစ်ထွင်း)၊ (ဦးမာလာ)၊ ဦးဝင်းမောင်-တမ္ပဝတီ၊ ဦးခင်မောင်သန်း-မန္တလေး၊ ဦးစိန်မြင့်-ရွှေချည်ထိုး၊ ဦးနေဆန်း၊ ဒေါက်တာကိုကိုကြီးတို့၏ လက်ရာမွန်ပန်းချီကားများ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)ရွှေမန်း**





## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မီးသတ်တပ်ဖွဲ့ဝင်များ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**ပုသိမ်ကြီး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်အတွင်းရှိ သန္နေ၊ အရန်တပ်ဖွဲ့ဝင်များဖြင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပခြင်းကို ယမန်နေ့ နံနက် ၈ နာရီက မြို့နယ်မီးသတ်စခန်းကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ် ဦးစီးမှူး ဦးမင်းသန့်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး၊ လွတ်လပ်ရေးနေ့ကိုအကြို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် သန္နေ၊ အရန်တပ်ဖွဲ့ဝင်များ စုစုပေါင်း အသင်း ၈ သင်းဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြစ်သည့် မန်ကျည်းပင်စောက်အရန်မီးသတ်မှ ပထမဆု၊ မိုင်ကုန်းအရန်မီးသတ်မှ ဒုတိယဆုနှင့် ကန်ကောက်အရန်မီးသတ်မှ တတိယဆုတို့ ရရှိခဲ့ကြပြီး တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## စပါယ်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ Steel Structure တစ်ထပ်စာသင်ကျောင်းဆောင် အသစ်(၁)ဆောင် ဆောက်လုပ်ပေး

**ကျောက်ဆည် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ စပါယ်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေး (၅၆×၃၂×၁၂)ပေ အရွယ်ရှိ စာသင်ကျောင်းဆောင်တစ်ဆောင်အား ဖျက်သိမ်းပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် Steel Structure စာသင်ကျောင်း ဆောင်အသစ် (၁)ဆောင် ဆောက်လုပ်ပေးလျက်ရှိသည်။

စပါယ်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် ၁၉၇၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းဖွင့်ချိန်က ဆောက်လုပ်ခဲ့သည့် (၅၆×၃၂×၁၂)ပေ စာသင်ကျောင်းဆောင်သည် နှစ်ကာလကြာမြင့်၍ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ စာပေသင်ကြားရာ၌ အသုံးပြုသည့်အခါ အန္တရာယ်ဖြစ်နိုင်သည့်အတွက် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကျပ် ၃၁၇ ဒသမ ၂၄၇ သန်း အကုန်အကျခံကာ Steel Structure စာသင်ကျောင်းဆောင်အသစ်(၁)ဆောင် အစားထိုးဆောက်လုပ်ပေးလျက်ရှိပြီး စပါယ်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် KG တန်း၌ ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၊ Grade - 1 အတန်း၌ ၃၂ ဦး၊ Grade - 2 အတန်း၌ ၃၈ ဦး၊ Grade - 3 အတန်း၌ ၃၆ ဦး၊ Grade - 4 အတန်း၌ ၁၅ ဦး၊ Grade - 5 အတန်း၌ ၂၃ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၆၀ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**



**ခရိုင်(ပြန်/ဆက်)**

## သကာရည်တင်ဘောက်ဆာ တိမ်းမှောက်မှုကြောင့် သကာရည်များ လမ်းပေါ် ဖိတ်စင်

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေး-ပြင်ဦးလွင် ကားလမ်း ၁၈ မိုင်အနီးတွင် ယနေ့ နံနက်ပိုင်းက သကာရည်တင် ဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။



ထိုသို့ သကာရည်တင် ဘောက်ဆာယာဉ်တိမ်းမှောက်မှုကြောင့် သကာရည်များသည် လမ်းပေါ်သို့ ဖိတ်စင်ကျ၍ လမ်းပိုင်းနေရာကို နံနက် ၁၀ နာရီခွဲမှစတင်၍ ခေတ္တပိတ်ထားခဲ့ရပြီး မွန်းလွဲ ၁ နာရီ နောက်ပိုင်း လမ်းပြန်လည်ဖွင့်ခဲ့သည်။

ထိခိုက်ဒဏ်ရာရလူနာများအား ဆေးရုံသို့ ပို့ဆောင်ခြင်းနှင့် လမ်းပိတ်ဆို့မှု မရှိစေရေးအတွက် စေတနာမွန်အသင်း(အုန်းချော)၊ မီးသတ်တပ်ဖွဲ့တို့နှင့်အတူ ပရဟိတအဖွဲ့များ ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းရုံး)မှ ယနေ့ နေ့လယ်ပိုင်းတွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



ရန်ကုန်မြို့၏ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

**ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မန်မိုဟန်ဆင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၃၀

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မန်မိုဟန်ဆင်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကွယ်လွန်ခဲ့ခြင်းအတွက် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Park Royal ဟိုတယ်ရှိ အိန္ဒိယသံရုံး၏ ဆက်ဆံရေးရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် ယနေ့ နံနက်ပိုင်းတွင် သွားရောက် လက်မှတ်ရေးထိုးသည်။



## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းတည့် ၁၂ နာရီတွင် Park Royal ဟိုတယ်ရှိအိန္ဒိယသံရုံး၏ဆက်ဆံရေးရုံးသို့ ရောက်ရှိရာ အိန္ဒိယသံရုံးမှ ပထမအတွင်းဝန်နှင့် အိန္ဒိယဆက်ဆံရေးရုံးအကြီးအကဲ မစ္စ ရီတူ ရာဒ့ါဗ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## လက်မှတ်ရေးထိုး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးသည် အိန္ဒိယသံရုံးမှ ပထမအတွင်းဝန်နှင့် အိန္ဒိယဆက်ဆံရေးရုံး အကြီးအကဲ မစ္စရီတူရာဒ့ါဗ်နှင့် တာဝန်ရှိသူများအား ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခဲ့ခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ ဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်း သတင်းစကားအား ပြောကြားခဲ့ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ (ယာပုံ)

ဒေါက်တာ မန်မိုဟန်ဆင်းသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



စဥ့်ကိုင် ဒီဇင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အ.မ.က (သင်္ကတုံ)တို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နှုတ်မှုစွမ်းရည်များ တိုးတက်လာစေရန်၊ လူအများအလယ်တွင် ရဲဝင့်စွာ ပြောဆိုတတ်စေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာပြီး စာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်လာစေရန် စသည်တို့ကို ရည်ရွယ်ကာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့ နံနက်၉နာရီက သင်္ကတုံကျေးရွာရှိ ဘဝအလင်းသစ် စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

## စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲများ ကျင်းပ

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နှင်းအိအိခိုင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီးနောက် ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းခဲ့ကြသည်။ ထို့နောက် အ.မ.က (သင်္ကတုံ)မှ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၂၇ ဦးတို့က ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတို့တွင် အလှည့်ကျ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဆုရရှိသော ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား စာကြည့်တိုက်လက်ထောက်-၃နှင့် တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်၊ ခဲတံဘူး၊ ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်စာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ယခုလို စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို ကျေးရွာစာကြည့်တိုက်များတွင် လစဉ်ကျင်းပဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။ **(၃၉၉)**

## ဆောင်းသီးနှံနေကြာ စိုက်ပျိုးဖြစ်ထွန်းမှုကြည့်ရှုစစ်ဆေး

လွိုင်လင် ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စုကွင်းအမှတ်(ကွင်းပြင်ပ) ဦးပိုင်အမှတ်(N-1) တောင်သူ ဦးစိုင်းဝမ်း၏ ဧရိယာ တစ်ဧကရှိ ယာမြေပေါ်တွင် မိုးသီးနှံအစေ့ထုတ်ပြောင်း စိုက်ပျိုးရိတ်သိမ်းပြီး ဆောင်းသီးနှံနေကြာ (ဆင်းရွှေကြာ-၂)သီးထပ်စိုက်ပျိုးအောင်မြင်နေမှုကို တာဝန်ရှိသူများမှ ယမန်နေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် လွိုင်လင်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်၊ ရှမ်းပြည်နယ် မြေစာရင်းဦးစီးဌာန စစ်ဆေးရေးအဖွဲ့ ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးပိုင်သူရချို၊ ခရိုင်မြေစာရင်းဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုင်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ တာဝန်ရှိဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရယူပေးခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်



**နေပြည်တော် ဒီဇင်ဘာ ၃၀**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဆုဖလားရယူပေးခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာန အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများ တက်ရောက်ကြသည်။

### ဆက်လက်ကြိုးစား

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၌ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအနေဖြင့် တံခွန်စိုက်ဆုဖလား ရယူပေးနိုင်ခဲ့ကြသည့်အတွက် ဝမ်းသာဂုဏ်ယူပီတိ ဖြစ်ရပါကြောင်း၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ဝန်ကြီးဌာန စံချိန်သစ်နှင့် မြန်မာပြည်စံချိန်သစ်များ တင်နိုင်ခဲ့သည့်အတွက်လည်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားကစားအောင်မြင်မှုနှင့် နှိုင်းယှဉ်သုံးသပ်နိုင်သည်ကို တွေ့ရပါကြောင်း၊ မိမိတို့၏ ကြိုးစားမှုရလဒ်များက ကာကွယ်ရေးဝန်ကြီးဌာနအတွက်၊ တပ်မတော်အတွက် ဂုဏ်မြင့်စေသကဲ့သို့ ဝန်ကြီးဌာနအဆင့်မှသည် နိုင်ငံတော်က အားကိုးအားထားပြုရသည့် အားကစား သမားကောင်းများ ဖြစ်အောင် ကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နေခြင်း ဖြစ်ပါသည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ ကြိုးစားအားထုတ်မှုတိုင်းသည် နိုင်ငံတော်အတွက် ဖြစ်သည်ဆိုသည့် စိတ်ဓာတ်ကိုမွေးမြူပြီး ဆက်လက်ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။ (အပေါ်ပုံ)

### လွှဲပြောင်းပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဆုရအားကစားအသင်းများကို ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ပြီး အောင်ပွဲရအားကစားအသင်းများမှ လွှဲပြောင်းပေးအပ်သည့်တံခွန်စိုက်ဆုဖလားကြီးအား လက်ခံရယူသည်။

### တည်ခင်းဧည့်ခံ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများ ကိုယ်စား အားကစားသမား တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အောင်ပွဲရအားကစားသမားများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံသည်။

ကာကွယ်ရေး ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများအနေဖြင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားနည်း ခြောက်မျိုးစလုံးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၁၄ ခု၊ ငွေ ၁၀ ခု၊ ကြေး ၁၀ ခု စုစုပေါင်း ဆုတံဆိပ် ၃၄ ခု ဆွတ်ခူးရရှိခဲ့၍ ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဆုဖလားရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




❍ ရှေ့ဖုံးမှ

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဖားစည် ကိုးချက်တီးပြီး ကရင်လူငယ် ကိုးဦးက ကျွဲချိုမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က ကရင်နှစ်သစ်ကူး နှုတ်ခွန်းဆက် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ကရင်အမျိုးသားနှစ်သစ်ကူးနေ့အကြောင်း ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုအားပေး

ယင်းနောက် ပဲခူးရိုးမတောင်ပေါ်နေ ကရင်လူမျိုးများ၏ ကရင်ရိုးရာ အိုးစည်အက၊ ကွမ်းခြံကုန်းမြို့နယ် ကရင်ရိုးရာဒုံးအက၊ မော်ဘီမြို့နယ် ကရင်ရိုးရာ ဝါးညှပ်အက၊ မော်ဘီမြို့နယ် ကရင်ရိုးရာကြိုးကျစ်အက၊ ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ် ရှားလဖလုံ (လူပျိုကြီးဒုံး)အကနှင့် မော်ဘီမြို့နယ် ကရင်ရိုးရာဒုံးအကဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာကြသည့် ဧည့်သည်တော်များက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၅၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ (အပေါ်ပုံ)

ထို့နောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ပျော်ပွဲရွှင်ပွဲများဖြစ်ကြသည့် ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲနှင့် လက်ဝှေ့ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**ဇော်မင်းလတ်-MNA**

## အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)တွင် စာဖတ်ရှိန်မြှင့်တင်ရေး အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)တို့ ပူးပေါင်း၍ အစိုးရနည်းပညာ အထက်တန်းကျောင်း(ကျောက်ဆည်)အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက စာဖတ်ရှိန်မြှင့်တင်ရေး အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အစိုးရနည်းပညာ အထက်တန်းကျောင်း(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဇာနည်ထွန်းနှင့် ကျောက်ဆည်ခရိုင်ပညာရေးမှူး ဒေါက်တာဥမ္မာကြည်တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်တင်တင်ထွေးက စာဖတ်ရှိန်မြှင့်တင်ရေး အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကျပန်းစကားပြောပြိုင်ပွဲ ဆက်လက်ကျင်းပသည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောက်ဆည်မြို့နယ်အတွင်းမှ အခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးမှ 'ပညာမြင့်မှလူမျိုးတင့်မည်'၊ 'လူငယ်နှင့် ကျန်းမာရေး'၊ 'ကျွန်တော့်ရည်မှန်းချက်'၊ 'မြတ်ဆရာ'၊ 'လွတ်လပ်ရေးနေ့ တို့မမေ့' စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အခမ်းအနားအပြီးတွင် ကျောင်းသား၊ ကျောင်းသူများ ဆရာ၊ ဆရာမများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတရသစာအုပ်များ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စား စွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၅)**



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်တွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားတက်ရောက် ပွဲညှက်စမ်းကျေးရွာမှ ကုန်းသာလမ်းဆုံသို့ ဆက်သွယ်သည့် ဂဝံမြေနီလမ်းဖွင့်လှစ်

ပုသိမ် ဒီဇင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်တော်တွင် ကျင်းပပြုလုပ်သည့် (၈၇) နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ကရင်အမျိုးသားအလံအား သယ်ယူရေးအဖွဲ့က သယ်ယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က ဖားစည် ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ကာ မင်္ဂလာဖားစည်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ကရင်အမျိုးသားအလံအား လွှင့်တင်ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ကရင်အမျိုးသား အလံအား အလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားပြီး ကရင်အမျိုးသားသီချင်းကို သီဆို၍ အခမ်းအနားကို ရုပ်သိမ်းကာ ကရင်ဒုံးယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြောင်းမြမြို့နယ် ပွဲညှက်စမ်းကျေးရွာမှ ကုန်းသာလမ်းဆုံသို့ ဆက်သွယ်သည့် ဂဝံမြေနီလမ်း ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့် မတည်အလှူရှင် ဦးမျိုးဝင်းအောင်တို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(ယာဉ်ပုံ) စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ဂဝံလမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် (၈၇) နှစ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်ရိုးရာယဉ်ကျေးမှုဒုံးအဖွဲ့က ဂုဏ်ပြုကပြဖျော်ဖြေပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဖားစည် ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ကရင်အမျိုးသား နှစ်သစ်ကူးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကိုယ်စား မြောင်းမြမြို့ ဇေယျမေဒနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂုဏာဘိရတနှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များကိုယ်စား ဘုန်းတော်ကြီး ဟင်နရီ မန်းအိုင်ခလိန်တို့က နှစ်သစ်နှုတ်ခွန်းဆက် စကားများ ပြောကြား၍ ဆုတောင်းမေတ္တာများ ပို့သကာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သော ကရင်အမျိုးသား နှစ်သစ်ကူးနေ့ သဝဏ်လွှာအား ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က ဖတ်ကြားပြီး တိုင်းဒေသကြီး ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက ကရင်နှစ်သစ်ကူးနေ့အကြောင်း သိကောင်းစရာများနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်အဆင့် ထူးချွန်ဆုရ ကရင်တိုင်းရင်းသား၊ ကရင်တိုင်းရင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကရင်အမျိုးသားတေးသီချင်းအား စုပေါင်းဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## ဒီဇင်ဘာ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ




ရေနံချောင်း ဒီဇင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ဒီဇင်ဘာလ(စတုတ္ထပတ်)လူထုအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅နာရီခွဲက ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၃၅၀ ဦးခန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့မှ စတင်တာထွက်ကာ လမ်းမတော်လမ်းမကြီးအတိုင်း ဖူးစာကုန်းလမ်းခွဲ၊ မြို့မရဲစခန်းရှေ့မှတစ်ဆင့် သခင်ဖိုးလှကြီးလမ်းအတိုင်း မြို့နယ်ပြည်သူ့အားကစားကွင်းအထိ တပျော်တပါးစုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့အားကစားကွင်း ကွင်းပြင်တွင် ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး ကျန်းမာရေးအားကစားလေ့ကျင့်ခန်း အတွဲ(၁)၊ အတွဲ(၂)နှင့် Fitness Dance အကြောလျှော့သွေးပူလေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၄၇၂)

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ။**

# ဂရိတ်ဖရုသီးအကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ

မြန်မာနိုင်ငံ၏ မြောက်ဖျားပိုင်း၊ အအေးပိုင်းဒေသဖြစ်သော ကချင်ပြည်နယ် ပူတာအိုဒေသ တစ်ခုတည်းတွင်သာ ဂရိတ်ဖရုသီးများ ထူးထူးခြားခြား ထွက်ရှိပါတယ်။ ၄င်းအသီး၏ ထူးခြားချက်က မူရင်းမျိုးမဟုတ်ဘဲ အမေရိကန်သာသနာပြုတွေက စိုက်ပျိုးသွားသော အမျိုးအစားဖြစ်ပါတယ်။ ဂရိတ်ဖရုသီးဖြင့် ဝိုင်၊ ယို၊ ဂျယ်လီ၊ ဂရိတ်ဖရုဖျော်ရည် စသဖြင့် တန်ဖိုးမြင့် စားသောက်ကုန်များကို ထုတ်လုပ်နိုင်ပါတယ်။ ပူတာအိုဒေသထွက် ဂရိတ်ဖရုသီး၏ထူးခြားချက်မှာ သက်တမ်းပြည့်အချိန်တွင် အနာအဆာမရှိဘဲ ခူးဆွတ်သည့် အသီးအနှံများဟာ သက်တမ်းကြာရှည် သိုလှောင်ထားနိုင်ပါတယ်။

ဂရိတ်ဖရုသီးဟာ အဖြူရောင်၊ ပန်းရောင်၊ အနီရင့်ရောင် (သို့မဟုတ်)ကြက်သွေးရောင် ဟူ၍ သုံးမျိုးရှိပါတယ်။ အရောင်ရင့်လေ ကျန်းမာရေးအတွက် ပိုကောင်းလေဖြစ်ပါတယ်။ မြန်မာပြည်၏ ကချင်ပြည်နယ်တွင် အဓိကထား စိုက်ပျိုးကြပါတယ်။ ချိုချိုချဉ်ချဉ် အရသာရှိတဲ့ ဂရိတ်ဖရုသီးထဲမှာ ရေဓာတ် ၉၂ ရာခိုင်နှုန်းပါရှိနေတာကြောင့်၊ အရွယ်ရောက်ပြီး လူတစ်ယောက်အတွက် တစ်နေ့တာ အရည်ဓာတ်လိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းခန့်ကို ဂရိတ်ဖရုသီးကြီးကြီး နှစ်လုံးစားခြင်းဖြင့် ရရှိနိုင်ပါတယ်။ လိမ္မော်သီးနှင့် ရှောက်သီးတို့မှာ ပါဝင်သော သတ္တုဓာတ်များအနက် ဆိုဒီယမ်နှင့် ဆီလီကာဓာတ်မှ လွဲ၍ ကျန်ဓာတ်များအားလုံး ဂရိတ်ဖရုသီးထဲမှာ ပါဝင်နေကြပြီး သံဓာတ်အစွမ်းမှာ အခြားအသီးများထက် ဂရိတ်ဖရုသီးထဲမှာ ပါဝင်မှုပိုပါတယ်။ ဂရိတ်ဖရုသီးစားပေးခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးတွေကို ရရှိစေမှာ ဖြစ်ပါတယ်။

**ချဉ်သောသစ်သီးမျိုးစုံရှိသည့်အနက် ဂရိတ်ဖရုသီးတွင် အာဟာရပိုမို စုံလင်စွာပါရှိ**

မိမိနှစ်သက်ရာ သစ်သီးဝလံအမျိုးမျိုးစားသုံးခြင်းသည် နေ့စဉ်ကျန်းမာရေးဘဝကို ကောင်းမွန်စေကြောင်း အာဟာရဗေဒပညာရှင်များက အကြံပြုကြသည့်အလျောက် ဈေးကွက်ထဲ၌ ရာသီပေါ်သစ်သီးဝလံများကို ၄င်းတို့၏ အာဟာရတန်ဖိုးအလိုက် ခွဲခြားနိုင်ရန် လေ့လာထားသင့်ပါသည်။ ကိုယ်ခန္ဓာတွင် လိုအပ်သော အာဟာရဓာတ် တစ်မျိုးဖြစ်သည့် ဗီတာမင်စီအတွက် ချဉ်သောအသီးမျိုးစုံကို စားကြရန် ဆေးသိပ္ပံပညာရှင်များက ညွှန်းလေ့ရှိကြသည်။ ကိုဗစ်-၁၉ အပါအဝင် ရောဂါအမျိုးမျိုးကူးစက်ခံရခြင်းမရှိစေဘဲ ကိုယ်ခံအားကောင်းနေစေရန် ဗီတာမင်စီအားဖြည့်ဆေးဝါးကို သောက်သုံးမည့်အစား ချဉ်သောအသီးများကို စား ပေးသင့်ပါသည်။

အမေရိကန်အာဟာရဗေဒပညာရှင်များက ဂရိတ်ဖရုသီးတွင် အခြားချဉ်သော အသီးများထက် အာဟာရပိုမိုစုံလင်စွာ ပါရှိကြောင်း ထောက်ခံထားကြသည်။ ထိုအသီးတွင် ဗီတာမင်စီဓာတ်ကြွယ်ဝစွာ ပါဝင်သကဲ့သို့ ဗီတာမင်အေ၊ အမျှင်ဓာတ်၊ သိုင်ယာမိုင်းနှင့် ဖိုလိတ်ဓာတ်များလည်း မျှတစွာပါကြောင်း အမေရိကန်သုတေသီတစ်ဦးဖြစ်သူ သောမတ်စ်အမ်ဘာဘားက ရှင်းပြထားသည်။ သို့ဖြစ်ရာ ဂရိတ်ဖရုသီးကို ပုံမှန်စားသုံးလျှင် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်း၊ သွေးတိုး၊ နှလုံးနှင့် လေဖြတ်ရောဂါများမှ ကာကွယ်နိုင်ခြင်း၊ ဆီးကျိတ်ကင်ဆာရောဂါနှင့် ဆီးကျောက်တည်ခြင်းကိုလည်း ဟန့်တားနိုင်ခြင်း စသည်ဖြင့် ကျန်းမာရေးအတွက် လွန်စွာအထောက်အကူ ဖြစ်စေပါမည်။

**ဂရိတ်ဖရုသီးနှင့် အထွေထွေကျန်းမာရေး**

* ဂရိတ်ဖရုအသီးမှည့်ကို သန်တုပ်ရောဂါ၊ သည်းခြေရောဂါ၊ အော့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်စိနာခြင်း၊ အရေပြားရောဂါ(အနာကြီး)၊ ပန်းနာ၊ ချောင်းဆိုး၊ ကြို့ထိုး၊ ဝက်ရူးရောဂါနှင့် အတက်ရောဂါတို့ ကုသရာတွင် ဆေးဝါးအဖြစ် ဖော်စပ်အသုံးပြုကြကြောင်း အာယုဗ္ဗေဒဆေးပညာတွင် ဖော်ပြထားပါတယ်။

* အရွက်ကို ဝက်ရူးရောဂါ၊ အတက်ရောဂါနှင့် ချောင်းဆိုးရောဂါတို့တွင် အသုံးပြုလေ့ရှိကြပြီး ဂရိတ်ဖရုသီးအစေ့ကို ခါးနာရောဂါအတွက် ဆေးဝါးအဖြစ် ဖော်စပ်အသုံးပြုနိုင်ပါတယ်။

* ဂရိတ်ဖရုသီးဟာ ကယ်လိုရီနည်းတဲ့ အစားအစာဖြစ်ပြီး အာဟာရများနှင့် အမျှင်ဓာတ်များလည်း ပေါကြွယ်ဝပါတယ်။

* ထမင်းမစားခင် ဂရိတ်ဖရုသီးတစ်ခြမ်းကို ကြိုတင်၍ စားပေးထားခြင်းအားဖြင့် တင်းတိမ်ရောင့်ရဲစေကာ၊ အစာများများ စားချင်စိတ်ကို မဖြစ်စေတော့ဘဲ ကိုယ်အလေးချိန်ချပေးနိုင်ပါတယ်။ နေ့စဉ်ဂရိတ်ဖရုသီးစားတဲ့ အမျိုးသမီးတွေဟာ သုံးလအတွင်း ပေါင် ၂၀ အထိ လျှော့ကျနိုင်တယ်လို့ ဗွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသီတွေက ဆိုပါတယ်။ (ဂရိတ်ဖရုသီးကို မစားခင် နှစ်စက္ကန့်လောက် အနံ့ရှူလိုက်ရုံနဲ့ ကိုယ်အလေးချိန်ကို သိသိသာသာ လျော့ကျစေကြောင်း၊ ဂရိတ်ဖရုအဆီအနံ့ကို ၁၅ မိနစ်ခြား တစ်ကြိမ်ရှူရှိုက်တဲ့ ကြွက်တွေဟာ အစာစားချင်စိတ်နဲ့ ကိုယ်အလေးချိန်လျော့နည်းသွားကြောင်း၊ ဂရိတ်ဖရုအနံ့ဟာ အသည်းအင်ဇိုင်းတွေနဲ့ဆက်စပ်နေတာကြောင့် ဖြစ်နိုင်ကြောင်း အိုဆာကာတက္ကသိုလ်မှ သုတေသီများက ဆိုပါတယ်)

* ဂရိတ်ဖရုသီးစားတဲ့အခါ အသားနဲ့ကပ်နေသော အပေါ်ယံအခွံဖြူလွှာကို လွှင့်မပစ်သင့်ပါဘူး။ ၄င်းအပေါ်ယံအခွံ ဖြူလွှာများက အရသာခါးသက်သက် ဖြစ်နေသော်လည်းပဲ စားပေးသင့်ပါတယ်။ သွေးတိုးရောဂါကို ကျစေခြင်း၊ ကိုလက်စရောကျစေခြင်း၊ အူမကြီးကင်ဆာတို့အတွက် ဆေးဖက်ဝင်ပါတယ်။

* အနီရောင်ဂရိတ်ဖရုသီးကို နေ့စဉ်စားသုံးခြင်းဖြင့် မကောင်းတဲ့ ကိုလက်စထရော (LDL) အဆင့်ကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်တယ်လို့ ဂျေရုဆလင်တက္ကသိုလ်မှ လေ့လာမှုအရ သိရပါတယ်။ အနီရောင်ဂရိတ်ဖရုသီးမှာ များစွာပါဝင်တဲ့ Limonin ခေါ်တဲ့ အပင်ဒြပ်ပေါင်းတွေဟာ အသည်းမှမကောင်းတဲ့ ကိုလက်စထရော (LDL) ထုတ်လုပ်မှုကို ထိန်းချုပ်ထားနိုင်ပါတယ်။

* ဂရိတ်ဖရုသီးကို တစ်လတိတိစားပေးခြင်းဖြင့် ခန္ဓာကိုယ်ထဲက မကောင်းတဲ့ LDL ကိုလက်စထရောကျစေခြင်း၊ နှလုံးနှင့် နှလုံးသွေးကြောတွေကို ကောင်းမွန်စေခြင်း၊ နှလုံးကြောင့်ဖြစ်တတ်တဲ့ လေငန်းရောဂါတို့မှ ကာကွယ်ပေးခြင်းဖြင့် ကောင်းကျိုးပြုပါတယ်။

* ဂရိတ်ဖရုသီးမှာ ဖောလိတ်ပါဝင်မှုများတာကြောင့် လေဖြတ်နိုင်တဲ့ အန္တရာယ်ကို သိသိသာသာ လျော့ကျစေနိုင်ပါတယ်။

* ဂရိတ်ဖရုသီးထဲမှာ ဗီတာမင်အေနှင့် ဗီတာမင်စီတို့ မြောက်မြားစွာ ပါရှိနေတာကြောင့် ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေကာ အအေးမိရောဂါ အပါအဝင် ရာသီကူးစက်ဖျားနာခြင်းတွေ မဖြစ်စေနိုင်တော့ပါဘူး။

* ဂရိတ်ဖရုသီးက ခန္ဓာကိုယ်ထဲမှာရှိတဲ့ triglycerides ပမာဏကို လျှော့ချပေးနိုင်ပါတယ်။ triglycerides ဆိုတာ LDL ကိုလက်စထရောကဲ့သို့ မကောင်းသော ကိုလက်စထရောတစ်မျိုးဖြစ်ပြီး နှလုံးသွေးလွှတ်ကြောများကို ပိတ်ဆို့တားဆီးနှောင့်ယှက်ပါတယ်။ လေ့လာမှုမှတ်တမ်းများအရ ဂရိတ်ဖရုသီး တစ်နေ့တစ်လုံး စားပေးခြင်းဖြင့် triglycerides ပမာဏကို ၂၇ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်တာကြောင့် နှလုံးသွေးကြောတွေကို လွန်စွာကောင်းကျိုးပြုနိုင်ပါတယ်။ နှလုံးနှင့် နှလုံးသွေးကြောရောဂါရှိသူများ စားပေးသင့်ပါတယ်။

* ဂရိတ်ဖရုသီးထဲမှာ ပိုတက်စီယမ်ပမာဏ မြင့်မားစွာပါရှိနေပြီး၊ ၄င်းပိုတက်စီယမ်က ခန္ဓာကိုယ်ထဲရှိ ဆိုဒီယမ်(အငန်ဓာတ်)ကို မျှတစေပါတယ်။ ဒါကြောင့် ဂရိတ်ဖရုသီးက သွေးတိုးရောဂါကို ကျစေနိုင်ပါတယ်။

* ဂရိတ်ဖရုသီးကို အရောင်ခြယ်ပေးတဲ့ carotenoids ဓာတ်တစ်မျိုးက ခန္ဓာကိုယ်ထဲ ရောက်သွားတဲ့အခါ Lycopene နှင့် beta carotene အဖြစ် ဓာတ်ပြုစေပြီး ကောင်းမွန်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် စွမ်းဆောင်ကာ ကင်ဆာရောဂါများ ဖြစ်နိုင်ခြေအလားအလာကို လျှော့ချဟန့်တားပေးနိုင်ပါတယ်။ အထူးသဖြင့် ဆီးကျိတ်ကင်ဆာနှင့် ပန်ကရိယကင်ဆာ အကျိတ်အဖုတွေ ကြီးထွားပြန့်ပွားမှုကို ရပ်တန့်စေပါတယ်။ DNA ပျက်စီးခြင်းကိုလည်း ကောင်းကျိုးပြုပေးနိုင်ပါတယ်။

* ဂရိတ်ဖရုသီးထဲမှာ ဂလိုင်စမစ်(glycemic index -GI) ပါဝင်မှုဟာ အင်မတန်မှ နည်းပါးတဲ့အတွက်ကြောင့် သွေးထဲက သကြားဓာတ်ပမာဏကို မမြင့်စေတော့ပေ။ လေ့လာမှုအရ ဆီးချိုရောဂါရှိသူများ ထမင်းမစားခင် ဂရိတ်ဖရုသီးတစ်ခြမ်းလောက် ကြိုတင်စားပေးခြင်းဖြင့် အင်ဆူလင်ပမာဏကို လျှော့ချပေးနိုင်ကြောင်း တွေ့ရပါတယ်။ ဒါကြောင့် ဆီးချိုရောဂါရှိသူများအနေဖြင့် ဂရိတ်ဖရုသီးကို ဓာတ်စာအဖြစ် စားပေးသင့်ပါတယ်။

*လတ်ဆတ်သော ဂရိတ်ဖရုသီးကြီးကြီးတစ်လုံးထဲမှာ ဗီတာမင်စီ ၇၂ မီလီဂရမ်ခန့် ပါရှိနေပြီး ၄င်းပမာဏဟာ အရွယ်ရောက်ပြီးသူ လူတစ်ယောက်အတွက် တစ်နေ့တာ ဗီတာမင်စီ လိုအပ်ချက်ကို ပြည့်မီနေပါတယ်။ ဗီတာမင်စီကြွယ်ဝတဲ့ ဂရိတ်ဖရုသီးက သွေးကြောနဲ့ တစ်သျှူးတွေကို ကျန်းမာစေတာကြောင့် ခွဲစိတ်ခံယူထားကြတဲ့ လူနာများ ဂရိတ်ဖရုသီးစားပေးခြင်းဖြင့် အနာမြန်မြန်ကျက်စေပါတယ်။

* ဂရိတ်ဖရုသီးထဲမှာ ပါဝင်တဲ့ သဘာဝ ဗီတာမင်အေဓာတ်က လိမ္မော်သီးထဲမှာ ပါဝင်မှုထက် ပိုများပါတယ်။ လူတစ်ယောက် တစ်နေ့တာ ဗီတာမင်အေ လိုအပ်ချက်၏ ၂၈ ရာခိုင်နှုန်းကို ဂရိတ်ဖရုသီးတစ်ခြမ်းစားခြင်းဖြင့် ရရှိနိုင်ပါတယ်။ ဒါကြောင့် ဗီတာမင်အေကြွယ်ဝတဲ့ ဂရိတ်ဖရုသီးက မျက်စိကို ကောင်းကျိုးပြုပါတယ်။

* အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ သည်းခြေကျောက်တည်ခြင်း ရောဂါများအတွက် ဂရိတ်ဖရုသီးကို နေ့စဉ်စားပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါတယ်။

* ရေဓာတ်ကြွယ်ဝတာကြောင့်လည်း ချိုချိုချဉ်ချဉ် ဂရိတ်ဖရုသီးအရသာက အမောပြေ ရေငတ်ပြေစေပါတယ်။

* ဂရိတ်ဖရုသီး စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်တွင်းရှိ သွေးများသန့်စင်စေခြင်း၊ သွေးညှိပေးခြင်း အကျိုးထူးများ ရရှိနိုင်ပါလိမ့်မယ်။

* ဆီးကျန်၊ ဆီးနည်း၊ ဆီးအောင့်ခြင်းဖြစ်ပါက ဂရိတ်ဖရုသီးကို နေ့စဉ် ပုံမှန်စားသုံးပေးခြင်းဖြင့် ရောဂါဝေဒနာသက်သာပျောက်ကင်းစေပါတယ်။

* ဗီတာမင်စီကြွယ်ဝတဲ့ အသီးဖြစ်တာကြောင့် ကျောက်ကပ်ရေအိတ်တည်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

* အရေပြားခြောက်သွေ့ခြင်းနှင့် အရေပြားရောဂါပြဿနာများအတွက် ဂရိတ်ဖရုသီးစားပေးပါက အသားအရေစိုပြည်လာ၍ အရေပြားရောဂါဝေဒနာတွေကို ကောင်းမွန်စေပါတယ်။

* ဂရိတ်ဖရုသီးကို သကြားအနည်းငယ်ဖြင့် ဖျော်ရည်သောက်ပေးပါက နှလုံးရောဂါနှင့် နှလုံးသွေးကြောရောဂါတို့ကို သက်သာကောင်းမွန်စေပါတယ်။

* သွေးအားနည်းရောဂါနှင့် အစာမကြေရောဂါများအတွက် နံနက်စာစားပြီးနောက် ဂရိတ်ဖရုသီး စားပါ။

* မျက်နှာအဆီပြန်သူများနှင့် ဝက်ခြံအမာရွတ်ရှိသူများအတွက် ဂရိတ်ဖရုသီးအသားအဖတ်တွေဖြင့် ပွတ်တိုက်ပေးခြင်းဖြင့် အသားအရေကို ကောင်းမွန်လှပစေနိုင်ပါတယ်။ ဒ့ါပြင် ဂရိတ်ဖရုသီးမှာ Salicylic Acid ပါဝင်တာကြောင့် ဝက်ခြံပျောက်ဆေးတွေလိုပဲ ချွေးပေါက်တွေကို သန့်ရှင်းစင်ကြယ်စေပါတယ်။

**ဂရိတ်ဖရုသီးနှင့် ပဋိဇီဝဆေးများအန္တရာယ်**

ဂရိတ်ဖရုသီးက အထက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သော်လည်း -

* ဂရိတ်ဖရုသီးထဲမှာပါတဲ့ CYP3A4(ခေါ်) အင်ဇိုင်းတစ်မျိုးက ခန္ဓာကိုယ်ထဲရှိ အူသိမ်၊အူမများထဲသို့ ရောက်ရှိသွားတဲ့အခါ ၄င်းအင်ဇိုင်းဓာတ်တွေ အဆမတန် ပွားများလာတာကြောင့် ပဋိဇီဝဆေးများဖြင့် မတည့်ပါဘူး။ ဒါကြောင့် ပဋိဇီဝဆေးများကို ဂရိတ်ဖရုသီးဖြင့် အချိန်တော်တော် ခြားပြီးမှသာ သောက်သုံးသင့်ပါတယ်။

* ဂရိတ်ဖရုသီးထဲရှိ furanocoumarin (ခေါ်) သဘာဝဓာတုပစ္စည်းများက အသည်း၏ လုပ်ဆောင်ချက်အပေါ် လွန်စွာသက်ရောက်မှုရှိပါတယ်။ ၄င်းဓာတုပစ္စည်းများက allergy medications လို့ခေါ်တဲ့ ခန္ဓာကိုယ်ဓာတ်မတည့်မှုကြောင့် သောက်ရတဲ့ ပဋိဇီဝဆေးဝါးများနှင့် တွေ့တဲ့အခါ ပေါင်းစပ်ဓာတ်ပြုသွားပြီးနောက် သွေးထဲမှာ ပဋိဇီဝဆေးဝါးများက အလွန်အမင်းပြင်းထန်တဲ့အဆင့်ကို ရောက်ရှိသွားပါတယ်။ ထိုဖြစ်စဉ်က လူ့ခန္ဓာကိုယ်အတွက် အဆိပ်အတောက် ဖြစ်စေနိုင်ပါတယ်။

* ဂရိတ်ဖရုသီးဟာ လိင်စိတ်ကို အားပေးတဲ့ Viagra ဆေးများနှင့် လုံးဝ မတည့်ပါဘူး။ ၄င်းဆေးများနှင့် ဂရိတ်ဖရုသီးဖျော်ရည်ကို သောက်မိတဲ့အခါဖြစ်စေ၊ ဂရိတ်ဖရုသီးစားပြီး မကြာခင် ၄င်းဆေးကို သောက်မိတဲ့အခါဖြစ်စေ ခေါင်းကိုက်ခြင်း၊ သွေးပေါင်ကျခြင်း၊ အော့အန်ခြင်းကို ဖြစ်စေနိုင်ပါတယ်။

* ကိုလက်စထရောကျဆေး သောက်သုံးနေရသူများ ဂရိတ်ဖရုသီး မစားသင့်ကြောင်းကို FDA မှ ၂၀၁၂ ခုနှစ်ကတည်းက သတိပေးထားပြီး ဖြစ်ပါတယ်။

* သွေးတိုးကျဆေးသောက်ပြီးတဲ့အခါ ဂရိတ်ဖရုသီး လုံးဝမစားပါနှင့်။ ဘေးဖြစ်စေတတ်ပါတယ်။

* ဂရိတ်ဖရုသီးဟာ စိတ်ငြိမ်ဆေး၊ ကိုလက်စထရောကျဆေး၊ နှလုံးအားဆေး၊ HIV ဆေးတို့နဲ့လည်း မတည့်ပါဘူး။ ဓာတ်တန်ပြန်သက်ရောက်မှုကြောင့် လူကိုအန္တရာယ်ဖြစ်စေနိုင်ပါတယ်။

* ဂရိတ်ဖရုသီးထဲမှာ ဗီတာမင်စီ မြင့်မားစွာ ပါရှိနေတာကြောင့် အသီးစားပြီး အချိန်တော်တော်ကြာမှ သွားတိုက်ခြင်းကို ပြုပါ။ သွားတိုက်ခါနီး ရေများများဖြင့် ပလုတ်ကျင်းပါ။

**မှတ်ချက်။**

**(၁) ဗိုက်ထဲမှာ ဘာအစာမျှမရှိသေးခင် ဂရိတ်ဖရုသီး မစားရ။**

**(၂) ဂရိတ်ဖရုသီးကို ရေခဲသေတ္တာထဲမှာ ရက်အကြာကြီး သိမ်းမထားသင့်ပါဘူး။ အရသာပြယ်သွားစေပါတယ်။**

**(၃) ဂရိတ်ဖရုသီးကို ပုံမှန်အခန်းအပူချိန်မှာ တစ်ပတ်ခန့် ထားနိုင်ပါတယ်။**

**စေတနာများစွာ** တင်ထက်ထက်ဇော်

○ စာမျက်နှာ ၂၄ မှ

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇဝ်ဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်း အသင်းတော် (ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်နှင့် ပိန္နဲကုန်းရခိုင်ဂျာမေဗလီတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကို ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် သတင်းများကို စိတ်မချမ်းမြေ့ဖွယ် ဖတ်ရှုရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA (ဗဟို) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

AA အကြမ်းဖက်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်သည် ပြစ်မှုများကို ကျူးလွန်ခဲ့ကြပါသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

AA အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုများအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခြင်းပြုလုပ်ခဲ့ကြသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သမားများ၏ လူသားချင်းစာနာထောက်ထားမှုမရှိသည့်လုပ်ရပ်များကို မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ပြည်သူများအပေါ် စာနာထောက်ထားပြီး ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကို ရက်စက်စွာ သတ်ဖြတ်ခြင်း၊ ထိုသို့သတ်ဖြတ်နေသည့် Video File များအား ဖြန့်ဝေခြင်းတို့ကို စိတ်မကောင်းစွာ တွေ့ရှိခဲ့ရပါသည်။

ယခုကဲ့သို့ လူမဆန်သည့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် AA အကြမ်းဖက်အဖွဲ့အစည်းအား ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

ရခိုင်ပြည်နယ်၌ ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ၌ AA အကြမ်းဖက်သောင်းကျန်းသူများက တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း၊ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခြင်း၊ ထိုသို့ သတ်ဖြတ်နေသည်ကို Video ရိုက်ကူးပြီး Social Media ပေါ်တွင် ဖြန့်ဝေခြင်းများကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရပါသဖြင့် ၎င်းတို့၏လုပ်ရပ်များကို ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

AA အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း၊ တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့ကြပြီး အဆိုပါသတ်ဖြတ်နေမှုများကို Video Fileများ ရိုက်ကူး၍ လူမှုကွန်ရက်တွင် ဖြန့်ဝေခြင်းများကို စိတ်မချမ်းမြေ့ဖွယ် တွေ့ရှိရသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သမားများ၏ လူသားချင်းစာနာထောက်ထားမှုမရှိသည့် လုပ်ရပ်များကို လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

ရခိုင်ပြည်နယ်၌ ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ၌ AA အကြမ်းဖက်သောင်းကျန်းသူများက ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကို ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကို ရက်စက်စွာသတ်ဖြတ်ခြင်း၊ ထိုသို့ သတ်ဖြတ်နေသည်ကို Video များရိုက်ကူးပြီး Social Media ပေါ်တွင် ဖြန့်ဝေလျက်ရှိရာ စိတ်မချမ်းမြေ့ဖွယ် တွေ့ရှိရပါသဖြင့် ၎င်းတို့၏လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့သဖြင့် AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးရမိခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် Video File များရိုက်ကူးကာ Online ပေါ်တွင် ဖြန့်ဝေခြင်းနှင့် လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိသည့် လုပ်ရပ်များအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် Video File ကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း ရက်စက်စွာသတ်ဖြတ်ခဲ့ကြခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုမူဆောင်ရွက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ပဋိပက္ခများအတွင်း ဖမ်းဆီးရမိသည့်သူများအပေါ် လူသားချင်းစာနာထောက်ထားမှုမရှိဘဲ စစ်ရာဇဝတ်မှုကို ကျူးလွန်နေသည့် AAအကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များအား မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## သန္တနုဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၏ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် လူမမည်ကလေးငယ်များကိုလည်း ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့ခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ်သိရှိရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိမှုအပေါ် သန္တနုဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

သန္တနုဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခံခဲ့ရသည့် တပ်မတော်သားများအား ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူးကာ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် လူမမည်ကလေးငယ်များကိုလည်း ရက်ရက်စက်စက်လူမဆန်စွာ သတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်လျက်ရှိမှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## ဗိန္ဒုကုန်းရခိုင်ဂျာမေဗလီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ဒေသအချို့ရှိ တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် လူမမည်ကလေးငယ်များကိုလည်း လူမဆန်စွာ သတ်ဖြတ်ခဲ့မှုကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ ဗိန္ဒုကုန်း ရခိုင်ဂျာမေဗလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗိန္ဒုကုန်းရခိုင်ဂျာမေဗလီ

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အန္တရာယ်ကို ငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအား မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅)မျိုးတို့ အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လျက်ရှိကြပါသည်။ ယနေ့အချိန်အခါ၌ မြန်မာနိုင်ငံသည် ပဋိပက္ခမျိုးစုံရင်ဆိုင်လျက်ရှိပြီး ယင်းသို့ ပဋိပက္ခဖြစ်ရခြင်းမှာ လက်နက်ကိုင်သူပုန်များက စစ်ပွဲများ မဖြစ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ခြင်းကြောင့်ဖြစ်သည်ကို တွေ့မြင်ကြားသိရပါသည်။

၂။ ထိုသို့ လက်နက်ကိုင်ပြီး ဆန့်ကျင်နေသည့် ရခိုင်သူပုန် (AA) အကြမ်းဖက်အဖွဲ့အစည်းသည် ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် ပုံရိပ်များကို အွန်လိုင်းပေါ်တွင် လွှင့်တင်ခဲ့ကြသည်။ ထို့အပြင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင် အမျိုးသမီးများနှင့် ကလေးသူငယ်များကိုလည်း ထပ်မံသတ်ဖြတ်ခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။

၃။ အဆိုပါလုပ်ရပ်များသည် ဂျနီဗာကွန်ဗင်းရှင်း၏ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ခွဲထွက်ကာ ရခိုင်နိုင်ငံထူထောင်ရန် ကြိုးစားနေသော ဒေသခံလူတချို့နှင့် လူသားချင်းစာနာထောက်ထားမှုကင်းမဲ့ပြီး နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုများနှင့် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုပြိုကွဲအောင် လုပ်ဆောင်နေသည့် စစ်ရာဇဝတ်မှု ကျူးလွန်နေသည့် ရခိုင်သူပုန် (AA) အဖွဲ့အား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ၂၀၂၃ ခုနှစ်မှစတင်၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများနှင့် လုံခြုံရေးစခန်းများ၊ တပ်မတော်စခန်းများကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့် ယနေ့ထက်တိုင် တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်။ ထိုသို့တိုက်ခိုက်ရာတွင် စစ်ကိုမလိုလားသော ဒေသခံရခိုင်တိုင်းရင်းသားပြည်သူများအနေဖြင့် နေရင်းနေရပ်များကို စွန့်ခွာသွားကြရပြီး အဆိုပါရခိုင်တိုင်းရင်းသားများရောက်ရှိရာ မြို့ရွာဒေသများတွင် ဒေသခံမြန်မာပြည်သူများက ကူညီဖေးမပေးလျက်ရှိသည်။

၂။ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများရှိခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေဒေသတည်ငြိမ်ရေးအတွက် စွန့်လွှတ်စွန့်စား ရဲစွမ်းသတ္တိများဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ အချို့ဖြစ်စဉ်များတွင် ဒေသခံပြည်သူများအား ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့အနေဖြင့်AA အကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်မှုခံခဲ့ရပြီး လူသားချင်းမစာနာသည့် လူမဆန်သော ရာဇဝတ်မှုများ ယုတ်မာစွာကျူးလွန်နေသည်ကို တွေ့ရသည်။

၃။ အဆိုးရွားဆုံးနှင့်အယုတ်မာဆုံးမှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် တိုက်ပွဲအတွင်း ဖမ်းဆီးထားသော စစ်သုံ့ပန်းများကို ရက်ရက်စက်စက်သတ်ဖြတ်ပြီး ဗီဒီယိုရိုက်ကူး၍ လူမှုကွန်ရက်ပေါ်တွင် တင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ အမျိုးသမီးနှင့် ကလေးငယ်များပါမကျန် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းသည် အိုင်အက်စ်စစ်သွေးကြွများ ရက်စက်မှုထက် ပိုမိုဆိုးရွားပြီး ဂျနီဗာကွန်ဗင်းရှင်းကို ဖောက်ဖျက်သည့် စစ်ရာဇဝတ်မှု(War Crime) မြောက်သော လူမဆန်သည့် လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်း ကျူးလွန်လျက်ရှိသည်။

၄။ နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးအောင် ကြံစည်လုပ်ဆောင်ဖျက်ဆီးနေသည့်၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အေးချမ်းသာယာလှပသည့် ရခိုင်ပြည်နယ်ကြီးကို ပျက်စီးအောင်ပြုလုပ်နေသည့်၊ ဂျနီဗာကွန်ဗင်းရှင်းကို ဖောက်ဖျက်ပြီး စစ်ရာဇဝတ်မှုများကို ရက်ရက်စက်စက် ကျူးလွန်နေသည့် AA အကြမ်းဖက်သောင်းကျန်းသူများ အမြန်ဆုံး ချုပ်ငြိမ်းအောင် တိုက်ဖျက်ကြရန် တိုက်တွန်းနှိုးဆော်လိုပါကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုမရှိဘဲ စစ်ရာဇဝတ်မှုများကို ရက်စက်စွာကျူးလွန်နေသည့် AA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

စာမျက်နှာ ၁၀ သို့

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၃၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှေ့ဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းစစ်ဆေး

**မောက်မယ် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် ပွင့်လင်းခြောက်သွေ့သောရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ ဂက်(စ်)ဖြည့်ဆိုင်များအား ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ကြိုတင်လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းလင်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့ များ၊ ဈေးဆိုင်ခန်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မိမိဈေးဆိုင်ပတ်ဝန်းကျင်တွင် လောင်စာအမှိုက်သရိုက် ဆိုင်ခန်းနှင့် ဈေးဆိုင်ဥပစာအတွင်း ခွင့်ပြုချက်မရှိဘဲ လောင်စာဆီသိုလှောင်ခြင်းရောင်းချခြင်းမပြုလုပ်ရန်၊ မီးလောင်ကျွမ်းမှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရန် မီးဘေးလုံခြုံရေးအတွက် ရေပုံးနှင့် မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူးများထားရှိရန်၊ ပေါက်ပြဲဆွေးမြေ့နေသော လျှပ်စစ်ဝါယာကြိုးများအသုံးမပြုရန်၊ ဆိုင်တွင်လူမရှိသောအခါ လျှပ်စစ်မိန်းခလုတ်များပိတ်ထားရန်၊ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များမှတ်သားထားရှိရန်၊ မီးလောင်မှုများဖြစ်ပွားပါကလည်း ဆုံးရှုံးမှုနည်းပါးစေရေးနှင့် အချိန်မီ မီးငြိမ်းသတ်နိုင်ရေးတို့အတွက်ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်စစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ဓာတ်ပုံ)

မြို့နယ်(ပြန်/ဆက်)



## မြို့မဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသ

**ဟိုပုံး ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့ မြို့မဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက မြို့မဈေးတွင် ပြုလုပ်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် လက်တွေ့မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသဆောင်ရွက်ခြင်းနှင့် အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မိုးနိုင်က မီးသတ်ဆေးဘူးများထားရှိရေး၊ ဆေးဘူးများကို စနစ်တကျအသုံးပြုတတ်စေရေး၊ အခြေခံမီးသဘောတရားများ၊ မီးလောင်ခြင်းအမျိုးမျိုး၊ ကြိုတင်ကာကွယ်ရမည့်ပစ္စည်းများထားရှိရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျ ကြိုတင်ဆောင်ရွက်ရေး၊ မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးအတန်းအစားများအား ရှင်းလင်းခြင်း၊ မီးငြိမ်းသတ်နည်း (၄)နည်းတို့ကို မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဈေးသူ၊ ဈေးသားများအား အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးဦးဆောင်သော တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်ခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်မှု မီးသတ်ဆေးဘူးကို ရေစိုအဝတ်ဖြင့် လက်တွေ့သရုပ်ပြခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ဓာတ်တိုက်လေ့ကျင့် သရုပ်ပြသခဲ့သည်။

အဆိုပါလက်တွေ့သရုပ်ပြသဆောင်ရွက်နေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကိုကိုလင်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးဉာဏ်လင်းမောင်တို့က ကြည့်ရှုအားပေးပြီးနောက် မြို့မဈေးနှင့် ဈေးဆိုင်များတွင် ထားရှိရမည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ပွင့်လင်းရာသီတွင် ဟိုပုံးမြို့နယ်၌ မီးလောင်မှု မီးလန့်မှုများမဖြစ်ပေါ်စေရေး၊ မီးလောင်မှုဖြစ်ပေါ်လာပါက မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းငြိမ်းသတ်နည်းအတွက် ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများနှင့်အတူ အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၃၆၈)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဆီဘောက်ဆာယာဉ်ပေါ်ရှိဓာတ်ဆီများအား သံပီပါများအတွင်း ဆီဖြည့်စဉ်ပွတ်တိုက်မှုဖြစ်ပြီး မီးကူးစက်လောင်



**မန္တလေး ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျေးသီးမြို့နယ်၊ ကန်ပန်ရပ်ကွက်၊ မြို့ဦးဘုန်းကြီးကျောင်းရှေ့၊ ဘောလုံးကွင်းအတွင်းတွင် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ ခန့်က ဟီးနိုး(၁၂)ဘီး အမျိုးအစား အဖြူရောင် ဆီဘောက်ဆာယာဉ်ပေါ်ရှိ ဓာတ်ဆီများအား နီဆန်းအမျိုးအစား အဖြူ အစိမ်းယာဉ်ပေါ်ရှိ သံပီပါများအတွင်းသို့ ဆီဖြည့်နေစဉ် ဆီနော်ဇယ်ပိုက်ခေါင်းနှင့် ပီပါများ ပွတ်တိုက်မိပြီး မီးပွားများမှ တစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် ကျေးသီးမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၂)စီး၊ မီးသတ်ရေသယ်ယာဉ် (၁)စီး၊ သန္တေမီးသတ် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ သွားရောက်ငြိမ်းသတ်ရာ ညနေ ၄ နာရီ ၁၀မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)(၀၄၅)

## စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲက သတင်းအရသက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ ယန်းကျောက်ကျေးရွာအနီးရှိ KTV အား ဝင်ရောက်ရှာဖွေရာ အခန်းအတွင်းမှ မနန်းရှန်၊ မနန်းယိုင်း(ခ)နန်းဖူးရီ၊ အိုက်အွန်(ခ)စိုင်းအွန်တို့နှင့်အတူ စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၆၃ ကီလို၊ လက်ကိုင်ဖုန်း ၃ လုံးနှင့် ၎င်းတို့စီးနင်းလာသည့် မော်တော်ဆိုင်ကယ် ၃ စီးတို့အားလည်းကောင်း၊ အလားတူ ညနေ ၅နာရီက ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ်၊ မယ်ယန်းကျေးရွာအနီးတွင် အိုက်ခမ်ခန်းမောင်းနှင်ပြီး စိုင်းလှကြိုင်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်နှင့် အိုက်နွံတွီ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် အိုက်နွံတွီမှာ ဆိုင်ကယ်အားလှဲချ၍ ထွက်ပြေးသွားသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၃ ကီလိုနှင့် လက်ကိုင်ဖုန်း ၂ လုံးတို့အားတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နန်းရှန်(၄၃)နှစ်၊ နန်းယိုင်း(ခ) နန်းဖူးရီ(၃၃)နှစ်၊ အိုက်အွန်(ခ) စိုင်းအွန်(၄၃)နှစ်၊ အိုက်ခမ်ခန်း (၂၀)နှစ်၊ စိုင်းလှကြိုင်(၂၀)နှစ်



နှင့် အိုက်နွံတွီတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၃ နာရီခွဲက သတင်း အရသက်သေ များနှင့်အတူ သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအနီးတွင်မြင့်ဇော်ဦး(ခ)မြင့်ဇော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄,၀၀၀ နှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အားတွေ့ရှိသိမ်းဆည်း ရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက် အရ ညနေ ၅ နာရီတွင် အေးအေးသင်း အားငှင်းနေထိုင်သည် သာစည်မြို့နယ်၊ ကြပ်စခန်း ကျေးရွာရှိနေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄,၀၀၀ နှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မြင့်ဇော်ဦး(ခ)မြင့်ဇော်(၄၆)နှစ်နှင့် အေးအေးသင်း(၅၃)နှစ်တို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ဓာတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

**ယာဉ်မောင်းသူများ လိုက်နာရန်**

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ဉာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

စာမျက်နှာ ၈ မှ

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူး၍ လူမှုကွန်ရက် Online တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း လူသားမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ လက်နက်ကိုင်သူပုန်များကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံး စစ်ပွဲများ ဖြစ်ပေါ်လျက်ရှိရာ ဒေသလူထုသည် အိုးအိမ်စွန့်ခွာ၍ ဒေသအသီးသီးသို့ ထွက်ပြေးတိမ်းရှောင် ဒုက္ခရောက်လျက်ရှိကြသည်။

၂။ ထိုလက်နက်ကိုင်သူပုန်အဖွဲ့များထဲတွင် AA အကြမ်းဖက်အဖွဲ့သည် အရက်စက်ဆုံးအဖွဲ့ဖြစ်ကြောင်းကို

(က) ရခိုင်လူထုကို ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကို ရက်ရက်စက်စက် သတ်ဖြတ်ခြင်း(Video File သက်သေ)

( ခ ) တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင် အမျိုးသမီးများနှင့် ကလေးများကို သတ်ဖြတ်ခဲ့ကြခြင်း စသည့် လုပ်ရပ်များကို အထောက်အထားများအရ သိရှိရသည်။

၃။ အထက်ပါ ရက်စက်ကြမ်းကြုတ်မှုများသည် ဂျနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်ပြီး စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ရက်ရက်စက်စက် လုပ်ဆောင်နေခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ AA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များကို မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## ကာယစွမ်းရည်ပြိုင်၊ ဆုများချီးမြှင့်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ မူလတန်းကြိုကျောင်းများမှ သားငယ်၊ သမီးငယ်လေးများ၏ ကာယစွမ်းအား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ်၊ သီရိရတနာမူလတန်းကြိုကျောင်း၌ ကျင်းပရာ နေပြည်တော်လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဆွေနှင့် တာဝန်ရှိသူများ၊ မိဘဆရာအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ကာယစွမ်းရည်ပြိုင်ပွဲများတွင် ရိုးရိုးပြေး၊ အရောင်ရွေး၊ ဦးထုပ်ဆောင်း ပြေး၊ အရုပ်ထောင်၊ ပင်ပေါင်ဇွန်းကိုက်၊ အကောင်ရွေး၊ မုန့်စားပြိုင်ပွဲ၊ ပူဖောင်းဖောက်၊ အာလူးကောက်၊ အသီးရွေး၊ သစ်သားတုံးစီ၊ အင်္ကျီဝတ်နှင့် ဆန်ခါရွက်ပြိုင်ပွဲများကို ကျင်းပရာ ဆုရရှိသည့် သားငယ်၊ သမီးငယ်လေးများအား ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဆွေ နှင့်တာဝန်ရှိသူများ၊ မိဘဆရာအသင်းမှ တာဝန်ရှိသူများကဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးမြို့သို့ ယာယီရွှေ့ပြောင်းနေထိုင်သူများအား ငွေနှင့် စားသောက်ကုန်များထောက်ပံ့

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးမြို့သို့ ယာယီရွှေ့ပြောင်းရောက်ရှိနေထိုင်သော မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ မိသားစုဝင်များအား မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်ရေးကော်မတီမှ ထောက်ပံ့ငွေ၊ ဆန်၊ ဆီနှင့် စားသောက်ကုန်များပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ရက် မွန်းလွဲ ၂ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အားပေးစကားပြောကြားပြီး မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်ရေးကော်မတီမှ ထောက်ပံ့ငွေကျပ် ၃၂၀၀၀၀၊ ၂၄ ပြည်ဆန် ၃ အိတ်၊ ဆီ ၂၀ ပိဿာ၊ ကြက်ဥ ၄၀၀ လုံး၊ ကြာဆံ ၂၅ ကျပ်သားပါ ၄၀ ထုပ်၊ ငါးခြောက် ၁ ပိဿာထုပ် ၄၀ ထုပ်၊ ငါးသေတ္တာဘူးသေး ၈၀ ဘူး၊ မားမားခေါက်ဆွဲ အထုပ် ၈၀၀၊ ကြက်သွန်နီ ၃၆ ပိဿာ၊ စားသောက်ကုန်ပစ္စည်းတန်ဖိုးငွေကျပ် ၁၅၈၀၀၀၀ ဖိုးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝ၄၅)**



## စစ်ကိုင်းမြို့တွင် မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ် ပြည်သူများအား စတုဒိသာထမင်းဟင်းလျာများ ကျွေးမွေးလှူဒါန်း

**စစ်ကိုင်း ဒီဇင်ဘာ ၃၀**

စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်၊ ဒေါ်လာစက်သုံးဆီရောင်းဝယ်ရေးတွင် ယမန်နေ့ ၂ နာရီက စတုဒိသာထမင်း ဟင်းလျာများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ စတုဒိသာ ထမင်းဟင်းလျာများ ကျွေးမွေးလှူဒါန်းခြင်းကို ဦးထွန်းထွန်းဦး+ ဒေါ်ချောအိထွေး(ဒေါ်လာစက်သုံးဆီရောင်းဝယ်ရေး)မိသားစုတို့က မင်္ဂလာနှစ်ပတ်လည်နှစ်(၃၀)ပြည့်အထိမ်းအမှတ်အဖြစ် အရပ် လေးမျက်နှာမှ လာရောက်စားသုံးသူ ပြည်သူများအား အယုတ်အလတ်အမြတ် မရွေး ထမင်း၊ ငါးခြောက်ထောင်းကြော်၊ ကြက်သားသပြွန်းဟင်း၊ ငရုပ်သီးကြော်၊ ပဲတီချဉ်သုပ်တို့ဖြင့် လူဦးရေ ၁၀၀၀ စာ ကျွေးမွေးလှူဒါန်းရာ ယခုအကြိမ်သည် ၅ ကြိမ်မြောက် လှူဒါန်းကျွေးမွေးခြင်းဖြစ်ကြောင်း သိရသည်။ **၀၇၀**

## အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**ကသာ ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉ နာရီ က ကျင်းပသည်။ စာစီစာကုံးပြိုင်ပွဲ၌ အထက်တန်းဆင့်တွင် 'လွတ်လပ်ရေးနှင့်အနာဂတ်မြန်မာ'၊ အလယ်တန်းဆင့်တွင် 'ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ လွတ်လပ်ရေးကိုကာကွယ်စို့'၊ မူလတန်းဆင့်တွင် 'လွတ်လပ်ရေးနေ့ တို့မမေ့' ခေါင်းစဉ်များဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲ၌ အထက်တန်းဆင့်တွင် 'လွတ်လပ်ရေးနှင့်သမိုင်းပေးတာဝန်'၊ အလယ်တန်းဆင့်တွင် 'ထာဝစဉ်မမေ့အပ်တဲ့ ရာဇဝင်နေ့မြတ်' ခေါင်းစဉ်များဖြင့်လည်းကောင်း၊ ပန်းချီပြိုင်ပွဲ၌ အထက်တန်းဆင့်တွင် 'ဘိုးဘွားချစ်အမွေအစဉ်ထိန်းစို့လေ'၊ အလယ်တန်းဆင့်တွင် 'ဘိုးဘွားအမွေနှင့် လူငယ်တာဝန်'၊ မူလတန်းအဆင့်တွင် 'လွတ်လပ်ရေးအောင်ပွဲ တို့ဆင်နွှဲ' ခေါင်းစဉ်များဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လူငယ်စကားဝိုင်း ကျင်းပ

**ပျဉ်းမနား ဒီဇင်ဘာ ၃၀**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်နှင့် ဗလငါးတန်ပြည့်စုံ၍ ဘက်စုံထူးချွန်ထက်မြက်သော အနာဂတ် လူငယ်၊ လူရွယ်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၂၇ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)၌ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဘုတလင်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကြောင်းထိုးကာ ပြည်သူ ၂၅၀ ကျော်ကို ဖမ်းဆီးပြီး စစ်ဘေးရှောင်တဲများနှင့် ဆိုင်ကယ်များကို အကြောင်းမဲ့မီးရှို့ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၅ ရက်မှ ၂၈ ရက်အတွင်း စစ်ကြောင်းထိုးကာ ပြည်သူ ၂၅၀ ကျော်ကို ဖမ်းဆီးပြီး စစ်ဘေးရှောင်တဲများနှင့် ဆိုင်ကယ်များကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေလုံခြုံရေးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ဘုတလင်မြို့နယ်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရန်နှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိခိုက်ပျက်စီးအောင် လုပ်ဆောင်ခြင်းများ မရှိကြောင်း၊ အကြမ်းဖက် သောင်းကျန်းသူများကသာ ၎င်းတို့နှင့် အမြင်မတူသည့် ရဟန်းသံဃာများ၊ အစိုးရဝန်ထမ်းများ၊ ဒေသခံပြည်သူများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ကျေးရွာ/ရပ်ကွက်များအား မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင် တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုလုပ်သည်ဟု ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ ဝိန်းရွန်နီအား ရာထူးမှ ထုတ်ပယ်ပေးရန် ပလိုင်းမောက်အသင်းထံ အသင်းပရိသတ်များတောင်းဆို

**လန်ဒန် ဒီဇင်ဘာ ၃၀**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ပလိုင်းမောက်အသင်း ပရိသတ်များသည် လက်ရှိအချိန် ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ ဝိန်းရွန်နီအား ရာထူးမှထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

ပလိုင်းမောက်အသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပွဲစဉ် ၂၃ပွဲကစားအပြီးတွင် ရမှတ် ၁၈မှတ်ဖြင့် အဆင့် ၂၄ တန်းဆင်းဇုန်နေရာတွင် ရပ်တည်ပြီး ရလဒ်များဆိုးရွားခြင်းကြောင့် နည်းပြ ဝိန်းရွန်နီအား ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းပရိသတ်များ တောင်းဆိုခဲ့ခြင်းဖြစ်သည်။



နည်းပြ ဝိန်းရွန်နီသည် ပလိုင်းမောက်အသင်းအား ၂၀၂၄ ခုနှစ် မေ ၂၅ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၅ပွဲတွင် ၅ပွဲနိုင်၊ ၆ပွဲသရေ၊ ၁၄ပွဲရှုံး ရလဒ်ဆိုး ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် ပလိုင်းမောက်အသင်းအနေဖြင့် အသင်းပရိသတ်များ တောင်းဆိုထားသည့်အတိုင်း နည်းပြ ဝိန်းရွန်နီအား ရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဘရန့်ဝိတ် အဲဗာတန်အသင်းမှ ထွက်ခွာသွားဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၃၀**

အဲဗာတန်အသင်း နောက်ခံကစားသမား ဘရန့်ဝိတ်သည် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ဘရန့်ဝိတ်သည် အဲဗာတန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၄ပွဲကစားပြီး ၄ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် နောက်ခံကစားသမား ဘရန့်ဝိတ်အနေဖြင့် အဲဗာတန်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## ဘောလုံးသတင်းအတိုအထွာများ

* မန်ချက်စတာစီးတီးအသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် မေဂျာလိဂ်ကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ရီးရဲလ်မက်ဒရစ်အသင်းသည် စပါးအသင်း နောက်ခံကစားသမား ဗန်ဒီဗန်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေချန်ပီယံဆုအား ဆွတ်ခူးရန် အင်တာမီလန်အသင်းက ရေပန်းစားလျက်ရှိကြောင်း နာမည်ကျော်စီးရီးအေ နည်းပြဟောင်း ကာပယ်လိုက သုံးသပ်ပြောကြားခဲ့သည်။

(NGB)



## ဗင်နီစီယပ်စ်အား တစ်နှစ်လုပ်ခလစာငွေ ယူရို ၁၅သန်းအထိ ပေးချေ၍ စာချုပ်သက်တမ်းတိုးရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၃၀**

စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းတိုက်စစ်မှူး ဗင်နီစီယပ်စ်အား တစ်နှစ်လုပ်ခလစာငွေ ယူရို ၁၅ သန်းအထိ ပေးချေ၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗင်နီစီယပ်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၅ပွဲကစားပြီး ၉၇ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

ရီးရဲလ်မက်ဒရစ်အသင်း ထုတ်ပြန်ချက်တွင် "ဗင်နီစီယပ်စ်အား လုပ်ခလစာငွေ တိုးမြှင့်၍ စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)

## ဘာလော့တယ်လီအား ခေါ်ယူရန် ခရစ်ဇ်အဇူလ်အသင်း စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၃၀**

မက္ကဆီကိုကလပ် ခရစ်ဇ်အဇူလ်အသင်းသည် ဂျီနိုအသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် ဝါရင့်တိုက်စစ်မှူး ဘာလော့တယ်လီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ (အောက်ပုံ)

အသက်(၃၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် အေစီမီလန်၊ နိုက်စ်၊ မာဆေးလ်၊ အင်တာမီလန်၊ လက်ရှိ ဂျီနိုအာစသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ခရစ်ဇ်အဇူလ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ် သည်။

တိုက်စစ်မှူး ဘာလော့တယ်လီကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် မွန်ဇာအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိသည်။

ထို့ကြောင့် ခရစ်ဇ်အဇူလ်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဂျီနိုအာအသင်းထံမှ ဘာလော့တယ်လီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(NGB)



## ၂၀၂၄ခုနှစ်အတွင်း တန်ကြေးအမြင့်တက်ဆုံးကစားသမားအဖြစ် ယာမယ်လ်ထိပ်ဆုံးတွင် ရပ်တည်

**လန်ဒန် ဒီဇင်ဘာ ၃၀**

နာမည်ကြီး အားကစားဝက်ဘ်ဆိုက် Transfermarkt ၏ ထုတ်ပြန်ချက်အရ ၂၀၂၄ခုနှစ်အတွင်း တန်ကြေးအမြင့်တက်ဆုံးကစားသမားအဖြစ် ဘာစီလိုနာအသင်းနှင့် စပိန်လက်ရွေးစင်အသင်း တောင်ပံကစားသမား ယာမယ်လ်က ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။

Transfermarkt ၏ ထုတ်ပြန်ချက်အရ ယာမယ်လ်က စတာလင်ပေါင် ၁၄၉ သန်းဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့ပြီး ၄င်းနောက်တွင် ကိုးလ်ပါလ်မာ၊ ပေါက္ကူဘာစီ၊ ဗင်နီစီယပ်စ်၊ ကော်ဘီမိုင်နူး၊ ပါဗလိုဗစ်ချ်၊ အိုမာမာမုရှ်၊ ဖလိုရီယန့်ဝက်ဇ်၊ အက်စ်တီဗောင်ဝီလီယံ၊ မော်ဂန်ရော်ဂျာစ်တို့ အသီးသီး ရပ်တည်လျက်ရှိသည်။ (ယာပုံ)

နာမည်ကြီး အားကစားဝက်ဘ်ဆိုက် Transfermarkt သည် ကစားသမားများ၏ စွမ်းဆောင်ရည်၊ အောင်မြင်မှု၊ အသက်အရွယ်ပိုင်းခြားပေါ်မူတည်၍ တန်ကြေး သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အသက်(၁၇)နှစ်အရွယ်ရှိ ယာမယ်လ်သည် ဘာစီလိုနာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၁ပွဲ ကစားပြီး ၆ ဂိုးသွင်းယူထားသလို ၂၀၂၄ခုနှစ်အတွင်း တစ်ဦးချင်းဆုတံဆိပ်ပေါင်းများစွာကိုလည်း ရယူထားနိုင်ခဲ့သည်။ (NGB)



## နည်းပြ ဂွါဒီယိုလာ မန်ချက်စတာစီးတီးအသင်း နည်းပြဘဝ ပွဲပေါင်း ၅၀၀ ပြည့်မြောက်



**မန်ချက်စတာ ဒီဇင်ဘာ ၃၀**

နည်းပြ ဂွါဒီယိုလာသည် မန်ချက်စတာစီးတီးအသင်း နည်းပြဘဝ ပွဲပေါင်း ၅၀၀ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ချက်စတာစီးတီးအသင်းက လက်စတာစီးတီးအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အား ကိုင်တွယ်ပြီးနောက် ယခုလို ပွဲပေါင်း ၅၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ)

နည်းပြ ဂွါဒီယိုလာသည် မန်ချက်စတာစီးတီးအသင်းအား ၂၀၁၆ခုနှစ် ဇူလိုင် ၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ပွဲ ၅၀၀ တွင် ၃၅၅ပွဲနိုင်၊ ၇၃ပွဲသရေ၊ ၇၂ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

အသက်(၅၃)နှစ်အရွယ်ရှိ နည်းပြ ဂွါဒီယိုလာက "အခုလို ပွဲပေါင်း ၅၀၀ ပြည့်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ပြီးတော့ မန်ချက်စတာစီးတီးအသင်းအား နိုင်ပွဲတွေနဲ့ အောင်မြင်မှုတွေ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားပေးသွားမှာပါ"ဟု ပြောသည်။(NGB)

## ဆာလာ ၈ ရာသီဆက်တိုက် ဂိုး ၂၀နှင့်အထက် သွင်းယူနိုင်သည့် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်

**လီဗာပူး ဒီဇင်ဘာ ၃၀**

လီဗာပူးအသင်း တိုက်စစ်မှူး ဆာလာ အသင်းကစားသမားဘဝ ၈ ရာသီဆက်တိုက် ပြိုင်ပွဲစုံ ဂိုး ၂၀နှင့်အထက် သွင်းယူနိုင်သည့် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။ (ယာပုံ)

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အ ဖိုးတန် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၅ပွဲ ကစားပြီး ၂၃၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ပြင် တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံဆု၊ ချန်ပီယံလိဂ်ချန်ပီယံဆု၊ အက်ဖ်အေဖလားချန်ပီယံဆုအပါအဝင် အခြားဆုဖလားပေါင်းများစွာလည်း ဆွတ်ခူးရယူနိုင်ခဲ့သည်။ (NGB)



## မုံရွာသူနာပြုသားဖွားသင်တန်းကျောင်း(အဋ္ဌမ)အကြိမ်မြောက် သူနာပြုသားဖွား ဒီပလိုမာအောင်လက်မှတ် အပ်နှင်း



**မုံရွာ ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာသူနာပြုသားဖွားသင်တန်းကျောင်း (အဋ္ဌမ)အကြိမ်မြောက် သူနာပြု၊ သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ၅ ထပ်ဆောင်ခန်းမတွင် ကျင်းပသည်။

သူနာပြုသားဖွားသင်တန်းကျောင်း(မုံရွာ)ဟာ စစ်ကိုင်းတိုင်းဒေသကြီးအတွက် အရည်အသွေးပြည့်မီတဲ့ သူနာပြုဆရာ၊ ဆရာမတွေကို မွေးထုတ်ပေးနေပြီး လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ သင်တန်းကျောင်းကြီး ဖြစ်ပါတယ်။ သင်တန်းသား၊ သင်တန်းသူများ အနေနဲ့ ပြည်သူလူထု ကျန်းမာရေး စောင့်ရှောက်မှုပေးရာမှာ သူနာပြုဆရာ၊ ဆရာမတွေရဲ့ အရည်အသွေးမြင့်မားရေး၊ ကျင့်ဝတ်နဲ့အညီ ပြုစုစောင့်ရှောက်မှုပေးနိုင်ရေးကို အလေးထားဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။ အောင်လက်မှတ်အပ်နှင်းခံရပြီးနောက် လုပ်ငန်းခွင်ဝင်ရောက်တဲ့အခါသူနာပြုဆရာ၊ ဆရာမတွေအားလုံး အပြန်အလှန်လေးစားမှုနဲ့ အသင်းအဖွဲ့စိတ်ဓာတ်နဲ့ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရဝန်ကြီးချုပ်ဦးမြတ်ကျော်က ပြောသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မုံရွာဆေးရုံအုပ်ကြီး၊ သူနာပြုသားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက မုံရွာသူနာပြုသားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီးထံ ချီးမြှင့်ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးက သင်တန်းဆင်းအမှာ စကားပြောကြားသည်။

ထို့နောက် မုံရွာသူနာပြုသားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးက သင်ကြားရေးတာဝန်ခံဆရာမကြီးထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၉၄)



## မိုးနဲမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါး ရိတ်သိမ်း

**မိုးနဲ ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်အတွင်း ဒေသခံတိုင်းရင်းသားပြည်သူများ ဆန်ရိက္ခာဖူလုံပိုလျှံရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၄- ၂၀၂၅ ခုနှစ် အတွင်း မိုးစပါး ၁၁၀၇၆ ဧက စိုက်ပျိုးထားရာ ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီ က မိုးနဲမြို့အဝင် ကြာဖူးကွင်း၊ ကွင်းအမှတ်(၆၁)ရှိ တောင်သူ ဦးစိုင်းထွန်းရွှေ၏ လယ်မြေနေရာတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိသည်။

အဆိုပါ မိုးစပါးရိတ်သိမ်းရာနေရာသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မော်ဦးနှင့် ဝန်ထမ်းများက ကွင်းဆင်းသွားရောက်ခဲ့ကြပြီး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းရာတွင် လေလွင့်မှုနည်းပါးစေရေး ရိတ်သိမ်းပြီးစပါးများကို အမိုးအကာအောက်သို့ အချိန်မီရောက်ရှိပြီး စနစ်တကျသိုလှောင်ထားရှိနိုင်ရေးတို့ကို ရှင်းလင်းမှာကြားခဲ့သည်။

ယခုနှစ် မိုးနဲမြို့နယ်၌ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို တောင်သူအများစုက ရိတ်သိမ်းနေကြပြီး မိုးစပါး စိုက်ပျိုးဧက ၁၁၀၇၆ ဧကအနက် ၁၀၁၅၇ဧက ရိတ်သိမ်းပြီး ဖြစ်ကြောင်း၊ ထွက်နှုန်းစုစုပေါင်းမှာ ၇၄ ဒသမ ၀၃ တင်းထွက်ရှိကြောင်း၊ စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းချိန်အထိ မိုးစပါးအောင်မြင်ဖြစ်ထွန်းရေး၊ ထွက်နှုန်းကောင်းမွန်စေရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများနှင့်ပူးပေါင်းကာ ဒေသနှင့်ကိုက်ညီမည့် မျိုးကောင်း မျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကျရောက်မှု ကင်းဝေးစေရေး၊ မျိုးကွဲများ နုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျ ကိုင်တွယ်သုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူထံက သိရသည်။

(အပေါ်ပုံ)

မျိုးညွန့်ရွှေ(မိုးနဲ)

*-*-*-*-*-*-*

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ (ပဉ္စမ)အကြိမ်မြောက် ထုတ်ချေး

**မိတ္ထီလာ ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ဖောက်အုပ်စု ပျော်ဘွယ်စံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေပဉ္စမအကြိမ် ထုတ်ချေးခြင်းများကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းအိထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပျော်ဘွယ်စံပြကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၇ ဦးကို ငွေကျပ် ၃၉ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၄၆၉)





## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပွဲများ ကျင်းပ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပွဲများကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉နာရီက စတင်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ပြုလုပ်သည်။

အဆိုပါ ပြိုင်ပွဲများကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ လေးရွာအခြေခံပညာအထက်တန်းကျောင်းနှင့် မြို့ရှေ့အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အခြေခံပညာအထက်တန်းကျောင်းများမှ အထက်တန်းပြဆရာမတစ်ဦးစီနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးတို့က အမှတ်ပေးဒိုင်များအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ ပြိုင်ပွဲခေါင်းစဉ်ကို လွတ်လပ်ရေးကို ဘာကြောင့် တန်ဖိုးထားသင့်သလဲနှင့်လွတ်လပ်ရေးအမွေထိန်းသိမ်းကြစို့လေဟု (၂)ခုပေးကာ မဲနှိုက်ယှဉ်ပြိုင်စေသည်။ ပြိုင်ပွဲများကို သတ်မှတ်ချိန် ၇ မိနစ်မှ ၁၅ မိနစ်အတွင်း ပေးထားပြီး ပြိုင်ပွဲဝင်များ၏ မိတ်ဆက်စကားပြောဆိုမှု၊ ဝတ်စားဆင်ယင်မှု၊ အသံလေယူလေသိမ်း၊ ဟန်ပန်အမူအရာ၊ အချက်အလက်ပြည့်စုံမှု၊ နိဂုံးချုပ်စကား၊ သတ်မှတ်ချိန်အတွင်း ပြီးစီးမှုအစရှိသည်တို့အပေါ် အကဲဖြတ်အမှတ်ပေးခဲ့ကြပြီး ပြိုင်ပွဲများအပြီးတွင် မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲများကို မြို့နယ်ပညာရေးမှူး ဦးသိန်းဒန်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းနှင်းဝေနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ အလယ်တန်းအဆင့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၂၅ဦးနှင့်အုပ်ထိန်းသူ မိဘများ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၇၃ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၄၅၆)

သန့်ရှင်းသာယာ မန္တလာ
ဝိုင်းဝန်းထိန်းသိမ်းပါ ။



## လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

**တာချီလိတ် ဒီဇင်ဘာ ၃၀**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် မ,တည်ပြီး ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းဆောင်ရွက်သည့်ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်မိုင်းကိုးကျေးရွာအုပ်စု၊ မယ်လိတ်ပါကော်စံပြကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် မယ်လိတ်ပါကော်ကျေးရွာသူကြီး ဦးယောဘက ကွန်ကရစ်လမ်းသစ်ဖောက်လုပ်ပြီးစီးခြင်းနှင့်စပ်လျဉ်း၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ကျေးဇူးတင်စကားပြောကြားကာ တက်ရောက်လာသည့် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများကို အာခါတိုင်းရင်းသားရိုးရာလွယ်အိတ်အား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် မယ်လိတ်ပါကော်ကျေးရွာသူကြီးတို့က ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြပြီး တက်ရောက်သူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကာ တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်အား လိုက်လံကြည့်ရှုခဲ့ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် မယ်လိတ်ပါကော်ကျေးရွာ ကွန်ကရစ်လမ်းသစ်သည် အရှည်ပေ ၄၂၅ ပေ၊ အကျယ် ၁၀ ပေ၊ ထု ၆လက်မရှိပြီး ခွင့်ပြုငွေကျပ် ၁၅ ဒသမ ၀၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၀ ဒသမ ၉၀ သန်း၊ စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၉၀ သန်း အကုန်ကျခံ ဆောင်ရွက်သည့် ကွန်ကရစ်လမ်းသစ်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဓါပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ခရိုင်အဆင့် ခရီးစဉ်ဒေသဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်အဆင့် ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်း၊ ၈၄လမ်းရှိ Hotel YI LINK ခွေလီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ခရိုင်အဆင့် ခရီးစဉ်ဒေသဆိုင်ရာစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး၊ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာအောင်နှင့် ကော်မတီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။ ထို့နောက် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ပို့ဆောင်ရေးလုပ်ငန်းရှင်များနှင့် မြို့မိ၊ မြို့ဖများက ပါဝင်ညှိနှိုင်းဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင်များ၊စားသောက်ဆိုင်၊ ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် ဧည့်လမ်းညွှန်များမှ လုပ်ငန်းရှင်များ၊ တာဝန်ခံများ၊ မန်နေဂျာများ၊ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀ဦး တက်ရောက်ကြကြောင်း သိရသည်။

**(အောက်ပုံ) (၀၉၃)**



## (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ရတနာပုံ(မန္တလေး) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏(၁၇)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက်က ဆုတောင်းပြည့်ဘုရားဓမ္မာရုံတွင် ကျင်းပသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက ကွယ်လွန်ပြီးသော ဆရာကြီး၊ ဆရာမကြီးများအား ရည်စူး၍ နံနက် ၆နာရီတွင် ဆုတောင်းပြည့်ဘုရားဓမ္မာရုံတွင် ဆရာတော်သံဃာတော် ၅ပါးအားပင့်ဖိတ်၍ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများနှင့် အရဏ်ဆွမ်းဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေခဲ့သည်။

ဆက်လက်၍ နံနက် ၉နာရီတွင် အ.ထ.က(၆)ရတနာပုံ(မန္တလေး) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏(၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကိုဆုတောင်းပြည့်ဘုရားဓမ္မာရုံတွင်ကျင်းပရာ အသက်(၆၀)နှစ်နှင့်အထက် ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများကကန်တော့ချိုးဖြင့်ကန်တော့ပြီး ဂါရဝပြုငွေနှင့်ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက်ကန်တော့ခံ ဆရာကြီး တစ်ဦးနှင့် ဆရာမကြီး တစ်ဦးတို့က ဆုပေးစကားပြောကြားပြီး ဆရာဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား နေ့လယ်စာကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၄၅)**



ကျေးရွာသစ်တော၊ ထင်းမျောအိမ်တိုင်
လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့ ။

## မန္တလေးမြို့တွင် စာပေချစ်သူမြတ်နိုးသူ အသက်အရွယ်မရွေး စာအုပ်စာပေဖတ်ရှုမှု ပိုမိုနှစ်သက်

**မန္တလေး ဒီဇင်ဘာ ၃၀**

စာပေချစ်သူ၊ မြတ်နိုးသူများ၊ ကျောင်းသား၊ ကျောင်းသူများ အတွက်ရည်ရွယ်၍ စာအုပ်ဈေးရောင်းပွဲတော်ကို မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၆လမ်း ကျုံးတောင်ဘက် Public Area မှာ ခင်းကျင်းပြသရောင်းချပေးလျက်ရှိပြီး စာအုပ်စာပေဖတ်ရှုမှုကို ပိုမိုနှစ်သက်သည်။

မန္တလေးမြို့တွင် စာပေချစ်သူများပြားပြီး စာဖတ်ပရိသတ်အမြင့်ဆုံးဖြစ်ခြင်းကြောင့် စဉ်ဆက်မပြတ်ကျင်းပပေးနေကြောင်း၊ ယခုလို စာအုပ်ဈေးရောင်းပွဲတော်များကိုလည်း တစ်နှစ်လျှင်နှစ်ကြိမ်နှုန်းဖြင့် ၆လတစ်ကြိမ် လာရောက်ရောင်းချပေးနေရာ အသက်အရွယ်မရွေး ကြိုက်နှစ်သက်သည့်ကဏ္ဍစုံစာအုပ်များပါဝင်ကြောင်း၊ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ရောင်းချပေးလျက်ရှိသည်။

"ကိုယ်ဖတ်ချင်တဲ့စာအုပ်တွေ၊ ဖတ်လိုတဲ့စာအုပ်တွေ၊ ရှာနေတဲ့စာအုပ်တွေကို တစ်နေရာတည်းမှာ ရှာတွေ့နိုင်မယ်ထင်လို့ လာခဲ့တာပါ၊ တချို့ကျတော့လည်း e-book နဲ့ဖတ်ရတာပိုကြိုက်တယ်၊ တချို့ကျတော့လည်း စာအုပ်နဲ့ဖတ်ရတာ ပိုနှစ်သက်ကြတယ်၊ နှစ်ခုစလုံးကတော့ အကျိုးကျေးဇူးရှိပါတယ်၊ စာအုပ်နဲ့ဆိုရင်အကြောင်းအရာတစ်ခုခုကို ပြန်ဖတ်ချင်တာပဲဖြစ်ဖြစ်၊ သဘောကျတဲ့စာကို ထပ်ခါထပ်ခါဖတ်ချင်တာပဲဖြစ်ဖြစ်၊ စာအုပ်နဲ့ဖတ်ရတာပိုပြီး သဘောကျပါတယ်၊ ဗဟုသုတရစေမယ့်စာအုပ်တွေကို ဖတ်ခြင်းအားဖြင့်ကိုယ်သိချင်တာတွေကို သိနိုင်မယ်၊ ကိုယ့်ဘဝအတွက် ပြန်ပြီး အသုံးချနိုင်မယ့်နည်းလမ်းတွေ၊ အကျိုးကျေးဇူးတွေရမယ်ဆိုရင် ပိုပြီးကောင်းပါတယ်၊ ဒီလိုစာအုပ်ဈေးရောင်းပွဲတော်လေးတွေရှိတော့ အများကြီးကျေနပ်အားရမိပါတယ်" ဟု စာအုပ်လာဝယ်သည့် မန္တလေးမြို့မှ စာပေချစ်သူတစ်ဦးကလည်း စာဖတ်ခြင်းအကျိုးပြုပုံများကို ပြောပြခဲ့သည်။

စာအုပ်ဈေးရောင်းပွဲတော်တွင် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေခြင်းကြောင့် ကဏ္ဍစုံစာအုပ်များ ရောင်းချရသည့်အကြောင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့မှ စာအုပ်လာရောင်းချသူ နန်းတော်ဝင်စာပေစာအုပ်အရောင်းဆိုင်ရှင်က "အခြားဒေသမြို့တွေထက်စာရင် မန္တလေးမှာ စာဖတ်ပရိသတ်က အမြင့်ဆုံးပါ၊ မန္တလေးကို ၆လတစ်ကြိမ်တိုင်း အမြဲလာဖြစ်ပါတယ်၊ မန္တလေးက စာဖတ်ပရိသတ်က အမြဲစောင့်နေပါတယ်၊ ရှုံးသည်မြတ်သည်သဘောမထားဘဲ စာဖတ်ပရိသတ်တွေလက်ထဲ လွယ်လင့်တကူရရမယ့် စာအုပ်တွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချပေးပါတယ်၊ အသက်အရွယ်အရွယ်စုံလာတော့ ကဏ္ဍစုံ ရောင်းရပါတယ်" ဟု ယင်းစာပေအရောင်းဆိုင်ရှင်က ဆိုသည်။

အဆိုပါစာအုပ်ဈေးရောင်းပွဲတော်မှ စိတ်ကြိုက်ရွေး ၁၅၀၀ ကျပ် ၊ ၂၀၀၀ ကျပ်ရှိ စာအုပ်များလည်းပါဝင်ပြီး ကာတွန်း၊ ဝတ္ထု၊ သုတရသစာအုပ်များ၊ သင်ကြားရေးဆိုင်ရာ အထောက်အကူပြုစာအုပ်များ၊ ဗေဒင်လက္ခဏာစာအုပ်များ၊ မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးသားထားသောစာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ စီးပွားရေးဆိုင်ရာစာအုပ်များအပြင် ရှားပါးစာအုပ်များ၊ နောက်ဆုံးအသစ်ထွက်ရှိသည့်စာအုပ်များ စုံလင်စွာ ရောင်းချပေးနေခြင်းကြောင့် စာပေချစ်သူများလာရောက်ပြီး နှစ်သက်ရာ စာအုပ်များရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

# အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၂၇ရက်က ကျင်းပသည်။

ဦးစွာ မဟာအောင်မြေမြို့နယ် အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားရာတွင် အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ နှုတ်မှုစွမ်းရည်များတိုးတက်ပြီး ပရိသတ်ရှေ့တွင်ပြောရဲဆိုရဲ ဆွေးနွေးရဲသည့်သတ္တိများ ရှိလာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များပေါ်ထွက်လာစေရန်၊ထိုမှတစ်ဆင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ကောင်းကျိုးများ စွမ်းဆောင်နိုင်သည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်း ရတနာလူရည်ချွန်များ ထွက်ပေါ်လာစေရန်ရည်ရွယ်ချက်များဖြင့် အခြေခံပညာကျောင်းများ၌ လူငယ်စကားဝိုင်းများကို ဆောင်ရွက်ပေးရခြင်းဖြစ်သည်။



ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး မဟာအောင်မြေမြို့နယ် အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း ကျောင်းသား၊ကျောင်းသူလေးများက မိမိနှစ်သက်ရာခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းရာပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး ဦးဆောင်ဆွေးနွေးသူမှလည်း မေးမြန်းသည့်အချက်များကို ပိုမိုပြည့်စုံရန် ပြန်လည်ဖြည့်စွက် ဖြေကြားဆွေးနွေးပေးခဲ့သည်။

အဆိုပါလူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကို (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ထုတ်ဝေသည့် သတင်းစကားလက်ကမ်းစာစောင်များကိုဖြန့်ဝေခဲ့ပြီး ခင်းကျင်းပြသထားသော နံရံကပ်ပြဘုတ်များနှင့်သုတရသစာအုပ်များကိုလည်း စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၅၆)

# ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ



**ရပ်စောက် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် ကလေးများ ကိုယ်ကာယကျန်းမာဖွံ့ဖြိုးစေရန်နှင့် ပျော်ရွှင်မှုရရှိစေရန် ရည်ရွယ်၍ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း မူလတန်းကြိုကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ပန်းပွားအကဖြင့် ကပြဖျော်ဖြေပြီးနောက် အရောင်ရွေး၊ အရုပ်ပိုက်ပြေး၊ အင်္ကျီကြယ်သီးတပ်၊ ခေါင်းအုံးရွက်၊ပူစီဖောင်းဖောက်၊ ရိုးရိုးပြေး၊ ပုံတူကပ်၊ သံပရာသီးဇွန်းကိုက်၊ ဘောလုံးအရောင်ရွေး၊ အလံစိုက်ပြေး၊ ရေဖြည့်၊ အာလူးကောက်၊ မုန့်စား၊ဝက်အူရစ်၊ဖိနပ်ရွေး၊ နို့ဆီဘူးဆင့်၊ လက်ဆင့်ကမ်းစသည့်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိခဲ့ကြသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ စုစုပေါင်း ၄၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*




ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အမေ့မေတ္တာညွန်းသ ပြာသိုလ

* မြင်းမိုရ်တောင် တုပြိုင်ရှုံးပါတဲ့
ကြီးစွာထုံး မေ့ မေတ္တာ ။
ချစ်တတ်ခြင်းဖြင့် ငွေရောင်လက်
သက်ထက်ကြင်နာ ။
လောကဓံလမ်း တုယှဉ်ကာ
ရန်းထစွာ မေတ္တာထား ။
သမီး၊ သားကို ရင်ဝယ်ထွေးပါလို့
ပေးဆပ်စွန့်စား ။

* ညအမှောင်ကို လင်းလက်အားနဲ့
ဝင်းပကြား လမင်းလို ။
အပြုံးလွှာတွေ ဖြန့်ကြက်ခင်း
ချစ်ခြင်းကွယ့်ပို ။
မကာရ လပြာသို
ပန်းခွာညို ပွင့်သလိုပ ။
အလှဖြာ မေတ္တာစစ်ရယ်နဲ့
ထုဆစ်အနုစ္စ ။

* လောကအလယ် ဘေးမခ ဖို့
ကြင်ယုယ စောင့်ရှောက်ပေ ။
ပခက်လွှဲ အမေ့လက်
လှမ်းဆက်မသွေ ။
သမုဒ္ဒယနဲ့ ရစ်ကာခွေ
သွယ်မြစ်ရေ မာန်ခတ်ကူး ။
အစုန်သာရှိ အဆန်မရှိပါလို့
များဘိကျေးဇူး ။

* အမေ့မေတ္တာ ဂုဏ်ရည်ထူးကိုပ
စိတ်ရှုယ်စူး အစဉ်သာ ။
ပြာသိုလကို သမုတ်လျက်
အစဉ်မပျက်ပါ ။
အမေလဟု သတ်မှတ်ခါ
ဦးတင်ဖြာ ဂုဏ်ရည်ထု ။
အသက်သခင် ကျေးဇူးမြတ်ကိုဖြင့်
ပေးဆပ်မှန်းပြု ။

**သူ့ထက်ဆန်း(မန္တလေး)**

# ပန်းချီဆရာ ငါးဦး၏ စုပေါင်းလက်ရာ ပန်ထွေပျော်အမည်ဖြင့် ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ၃၀**

ပန်းချီဆရာ ငါးဦး၏ စုပေါင်းလက်ရာများအား "ပန်ထွေပျော်" အမည်ဖြင့် ပန်းချီပြပွဲအား ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီတွင် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၄လမ်း GARDEN CITY APARTMENT COMPLEX ရှိ သီရိပစ္စယာပန်းချီ အနုပညာပြခန်းတွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

"ပန်ထွေပျော်" ပန်းချီပြပွဲတွင် ပန်းချီဆရာ ငါးဦးဖြစ်သော အောင်ပြည့်ဖြိုး၊ အောင်ဇော်ဝင်း၊ ကျော်ကြီး၊ ကျော်ဇေယျ၊ သန်းနိုင်ဦးတို့မှ ရေဆေးလက်ရာ ပန်းချီကားချပ်များ ပြသသွားမည်ဖြစ်ပြီး ပြပွဲအား ဇန်နဝါရီ ၁ရက်မှ ၃ ရက်ထိ ၃ရက်တိုင် နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ ပန်းချီအနုပညာချစ်မြတ်နိုးသူများ လာရောက် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ (ယာပုံ) (၀၇၀)



# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ



**တောင်တွင်းကြီး ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေနှင့် ပြည်သူပူးပေါင်း ထည့်ဝင်ငွေတို့ဖြင့်ဆောင်ရွက်သော သီလကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံက စီမံကိန်းလုပ်ငန်းများအကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ဇင်ညွှန့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကာ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တောင်တွင်းကြီးမြို့နယ် သီလကျေးရွာ၌ ကွန်ကရစ်လမ်းအရှည် ပေ ၇၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၆ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေ ၇ ဒသမ၄ သန်းတို့ဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းသစ်ဖြစ်ကြောင်းသိရပြီး အဆိုပါကွန်ကရစ်လမ်းသစ်ဖောက်လုပ်ပြီးစီးပြီဖြစ်၍ ကျေးရွာအတွင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ကျေးရွာပြည်သူများထံမှ သိရသည်။

(အပေါ်ဝဲပုံ)

နောင်နောင် (မိဿနိုးမြေ)

* – * – * – * – *

* – * – * – * – * – *



**ရပ်စောက် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် (ထက်၊ လယ်၊ မူ)အဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲနှင့် အထက်တန်းအဆင့်ကျပန်းစကားပြောပြိုင်ပွဲတို့ကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ရပ်စောက်)နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ဗထူး)တို့တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျပန်းစကားပြောပြိုင်ပွဲအခမ်းအနားတွင် မြို့နယ်ပညာရေးမှူးဦးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုမွန်ထွန်းက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ စာဖတ်စွမ်းရည်၊ တွေးခေါ်မြော်မြင်မှုစွမ်းရည်၊ စကားပြောစွမ်းရည်များ မြင့်မားတိုးတက်လာစေရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များဖြစ်လာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက်(ထက်၊ လယ်၊ မူ) စာစီစာကုံးပြိုင်ပွဲတွင် လွတ်လပ်ရေးအောင်ပွဲတို့ဆင်နွှဲ၊ လွတ်လပ်ရေးနေ့တို့မမေ့၊ လွတ်လပ်ရေးနှင့် အနာဂတ်လူငယ်တာဝန်ခေါင်းစဉ်များဖြင့်လည်းကောင်း၊ အထက်တန်းဆင့်ကဗျာပြိုင်ပွဲတွင် လွတ်လပ်ရေးကိုအခြေတည် သွေးစည်းချစ်ကြည်လက်တွဲညီခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲတွင် လွတ်လပ်ရေးနှင့်လူငယ်တာဝန်၊ ဗိုလ်ချုပ်၏ လွတ်လပ်ရေးကြိုးပမ်းမှု၊ စည်းလုံးညီညွတ်မှသာ လွတ်လပ်ရေးတည်တံ့ခိုင်မြဲမည် စသည့် ခေါင်းစဉ်များဖြင့်လည်းကောင်း မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူ ၃၈ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီးဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်တွင် ဆုများပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့ နံနက်ပိုင်းက (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့်စာအုပ်ပြပွဲကို ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံအကြောင်း သိကောင်းစရာများကို ဟောပြောသည်။ **(ယာပုံ)**

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ထုတ်ဝေသည့်လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ် ပြဘုတ်များနှင့်သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း သိရှိရသည်။ **(ဝ၅၆)**




**အထက်မင်းလှ ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်ပညာရေးဌာနမှူးကြီးမှူး၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မင်းလှအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် လွတ်လပ်ရေးတည်တံ့ခိုင်မြဲရေးနှင့် လူငယ်တာဝန်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် နိုင်ငံတော်တိုးတက်ဖို့ လွတ်လပ်ရေးကိုထိန်းသိမ်းစို့ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူလတန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် လွတ်လပ်ရေးနေ့တို့မမေ့ခေါင်းစဉ်ဖြင့်လည်းကောင်း အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့် ပန်းချီ၊ ပိုစတာပြိုင်ပွဲတွင် လွတ်လပ်ရေး၏ အနှစ်သာရခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများသို့ မင်းလှမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

စာစာ(အထက်မင်းလှ)

* – * – * – * – *

* – * – * – * – * – *



တိုက်တာ
ဆင့်ဆင့်၊
မိုးထိမြင့်လည်း
ပန်းနှင့်
သစ်ပင်၊
မတွေ့မြင်က
ဝန်းကျင်
ခြောက်ခန်း၊
စိတ်ပင်ပန်း၏။

# ဂုဏ်ယူဖွယ်ရာတို့ရိုးရာ မြန်မာ့အစားအစာ

ခိုင်ခန့်(အမရပူရ)

တစ်နေ့မိတ်ဆွေတစ်ဦးက မွေးနေ့ပွဲဖိတ်ကြား၍ သွားရောက်ဖြစ်ခဲ့သည်။ မွေးနေ့ပွဲတွင် ကြွရောက်ချီးမြှင့်ကြသော မိတ်ဆွေအားလုံးကို မွေးနေ့ရှင်၏ ဇနီးက ကိုယ်တိုင်ချက် မုန့်ဟင်းခါးနှင့် ဧည့်ခံခဲ့သည်။ ထိုမွေးနေ့ပွဲတွင် ဧည့်ခံကျွေးမွေးသော မုန့်ဟင်းခါးမှာ အလွန်အရသာရှိပြီး စားမြိန်လှသည်။ မွေးနေ့ပွဲမှ အပြန်တွင် မုန့်ဟင်းခါးဟုခေါ်သော စားဖွယ်မုန့်အကြောင်းကို မှတ်တမ်းမှတ်ရာများတွင် ရှာဖွေလေ့လာကြည့်မိသည်။

မုန့်ဟင်းခါးသည် အချဉ်ဖောက်ပြုလုပ်ထားသော ဆန်မုန့်ဖတ်လေးများနှင့် ငါးဖြင့်ချက်လုပ်ထားသော ဟင်းခါးရည်တို့ကို အတူတွဲဖက်စားသုံးရသည့် မြန်မာတို့၏ အစားအစာ သရေစာတစ်မျိုးဖြစ်သည်။ မုန့်ဟင်းခါးတွင် အာဟာရဓာတ်များဖြစ်သော ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်နှင့် ဓာတ်ဆားများ ပါဝင်သည်။

လူမျိုးဘာသာမရွေးစားသုံးနိုင်သော မုန့်ဟင်းခါးနှင့်ပတ်သက်၍ မည်သည့်ခေတ်အခါ၊ မည်သည့်ဒေသမှ စတင်ပေါ်ပေါက်လာသည်ကို ပြောဆိုရန် ကျောက်စာ၊ ပေစာမှတ်တမ်းမရှိခြင်းကြောင့် ပေါ်ပေါက်ခဲ့သော ခေတ်ကာလနှင့် နေရာဒေသ အတိအကျမညွှန်းဆိုနိုင်ပေ။

မုန့်ဟင်းခါးနှင့်ပတ်သက်၍ ကုန်းဘောင်ခေတ်စာဆို ဦးပုည၏ အလင်္ကာများမှ တစ်ခုတွင် 'မုန့်ဟင်း'ဟူသော အသုံးအနှုန်းပါရှိခဲ့ခြင်း။ ကုန်းဘောင်ခေတ် ဒုတိယပိုင်း ဘကြီးတော်မင်းလက်ထက်နှင့် ကုန်းဘောင်ရွှေဘိုမင်းလက်ထက်တွင် ပေါ်ထွန်းခဲ့သော စာဆို ဖိုးသူတော် ဦးမင်းနှင့် စာဆိုတော် လှူဦးမင်းတို့က 'မုန့်တီ'ဟူသော အသုံးအနှုန်းဖြင့် မုန့်ဟင်းခါးအကြောင်းကို အပြိုင်စပ်ဆိုခဲ့သော အထောက်အထားအရ ကုန်းဘောင်ခေတ်တွင် မုန့်ဟင်းခါးပေါ်ပေါက်နေပြီကို အခိုင်အမာပြောဆိုနိုင်သည်။ ရှေးအခါက 'မုန့်တီ'ဆိုသည်မှာ မုန့်ဟင်းခါးကို ပြောဆိုပေခြင်းလော ဆိုသည်ကို သေချာသိရှိနိုင်စေရန် မုန့်တီနှင့် မုန့်ဟင်းခါးအရည် တွဲဖက်စားရသော ရခိုင်မုန့်တီအကြောင်းကို လေ့လာကြည့်မိသည်။

ဘီစီ ၅/၆ ရာစုခန့်က ဓညဝတီပြည်တွင် စန္ဒသူရိယမင်းသည် မယ်တော်၏ ဝမ်းအတွင်းသို့ ကိန်းဝပ်ခိုလှုံစဉ် မယ်တော်မိဖုရားကြီး၌ ကိုယ်ဝန်စွဲကပ်ရာ မယ်တော်မိဖုရားကြီးက အိပ်မက်တွင် တီကောင်များ စားရသည်ဟု မြင်မက်ရာတွင် တီကောင်များကို စားလိုသည် အာသာဆန္ဒချင်ခြင်းဖြစ်ပေါ်ရာ ဘုရင်ကြီးမှ ထိုဆန္ဒကို ဖြည့်ဆည်းပေးရန် ပညာရှိအမတ်များနှင့် တိုင်ပင်လေသည်။ ထိုအခါ ပညာရှိအမတ်များက တီကောင်နှင့်တူသော မုန့်တစ်မျိုးကို ဖန်တီးပြီး ကျွေးမွေးရန် အကြံပြုကြသည်။ ထို့ကြောင့် ဆန်ကို အချဉ်ဖောက်၍ ညက်စွာထောင်းစေပြီးလျှင် တီကောင်သဏ္ဌာန်တူအောင် အရောင်ဆိုးကာ ရွှေခွက်တွင် ထည့်စေသည်။ ထိုအပေါ်တွင် ရွှေပြားကို အပေါက်များဖောက်၍ ဖုံးအုပ်ကာ မိဖုရားကို နင်းစေရာ ရွှေပြားအပေါက်များမှ တီကောင်များ မြေကြီးမှ ထွက်လာသကဲ့သို့ လွန့်လူးတိုးထွက်လာသည်ကို မြင်သောအခါ မိဖုရားကြီးမှ ဝမ်းသာအားရ ယူငင်စားသုံးသဖြင့် ချင်ခြင်းဆန္ဒအာသာပြည့်ဝလေသည်။ ထိုအချိန်မှစ၍ မုန့်ဖတ်များကို စားချင်သဖွယ် ပြုပြင်စားသုံးကြသဖြင့် ဓညဝတီပြည်တွင် မုန့်တီစားသည့်ဓလေ့ ပေါ်ထွန်းလာခဲ့သည်ဟု ပါးစပ်ရာဇဝင်အရ သိရသည်။





ထိုသို့ စားသုံးရာ အစတွင်ဟင်းချိုသောက်ဟင်းရည်နှင့် တွဲဖက်စားသုံးခဲ့ရာမှ နောင်တွင် သီးခြားမစားတော့ဘဲ မုန့်ဖတ်နှင့် ရောနှောစားသုံးခဲ့ကြသည်။ ထို့ကြောင့် ရခိုင်မုန့်တီနှင့် ဗမာမုန့်ဟင်းခါး၊ မုန့်တီတို့မှာ မုန့်ဖတ်ပြုလုပ်ရာတွင် အတူတူပင်ဖြစ်သောကြောင့် မုန့်တီဆိုင်နှင့် မုန့်ဟင်းခါးမှာ ဆွေမျိုးတော်စပ်သော မြန်မာတို့၏ စားဖွယ်တစ်မျိုးဖြစ်သည်ဟု ဆိုနိုင်သည်။

ထို့အပြင် ပျူမြို့ဟောင်းများကို ပြန်လည်တူးဖော်ရာတွင် အချဉ်ဖောက်ပြုလုပ်သော ကိရိယာအများအပြားကို တွေ့ရှိခဲ့ရသဖြင့် ပျူခေတ်တွင်လည်း မုန့်ဟင်းခါးပေါ်ပေါက်သုံးစွဲခဲ့ကြောင်း ယူဆနိုင်သည်။ မုန့်ဟင်းခါးကို ရှေးမြန်မာမင်းများလက်ထက်ကပင် စတင်စားသုံးခဲ့သော်လည်း ရှေးနန်းတွင်းတွင် စားတော်ကဲများ၏ ဟင်းချက်နည်းမျိုးစုံစာရင်းတွင် မပါဝင်ခဲ့သောကြောင့် မုန့်ဟင်းခါးသည် သာမန် အရပ်သူ၊ အရပ်သားများ စားသုံးသော မုန့်တစ်မျိုးသာ ဖြစ်နိုင်ကြောင်း ဆရာကြီး ဒေါက်တာ ခင်မောင်ညွှန့်က ဆိုသည်။

ယခုအခါ မြန်မာနိုင်ငံအရပ်ဒေသအသီးသီး၌ မုန့်ဟင်းခါးကို ပွဲလမ်းအမျိုးမျိုးတွင် ချက်လုပ်၍ ကျွေးမွေးလေ့ရှိသည်။ သို့သော် ချက်လုပ်ရာဒေသနှင့် သုံးစွဲသည့် ပါဝင်သော ပစ္စည်းပေါ်မူတည်၍ အရသာမှာ အမျိုးမျိုးကွဲပြားသည်။

မြန်မာ့လူ့အဖွဲ့အစည်းအသီးသီးတွင် ခေတ်အဆက်ဆက်စားသုံးခဲ့ကြသော မုန့်ဟင်းခါးကို ဆိုင်းထမ်း၊ ဆိုက်ကားများဖြင့် လှည့်လည်ရောင်းချခဲ့ကြပြီး လမ်းဘေးပလက်ဖောင်းဆိုင်ငယ်များမှအစ ကားဂိတ်၊ သဘော်ဆိပ်များတွင် ဆိုင်ကြီးကနားကြီးများဖြင့် ရောင်းချသည်ကိုလည်း တွေ့ရသည်။

မုန့်ဟင်းခါးပြုလုပ်ရာတွင် အဓိကအသုံးပြုသောပစ္စည်းမှာ ဆန်နှင့်ပြုလုပ်သော မုန့်ဖတ်နှင့် ငါးနှင့်ပြုလုပ်သော ဟင်းအနှစ်ရည်ပင်ဖြစ်သည်။ ထိုမုန့်ဟင်းခါးကို ယခုနောက်ပိုင်းတွင် ကြက်ဥ၊ ဘဲဥ၊ ငါးဖယ်၊ ငါးသေတ္တာ၊ အီကြာကွေး၊ ငါးသလောက်ဥ၊ ကြက်သွန်မြိတ်၊ ပဲကပ်ကြော်၊ သံပရာသီး၊ ရှောက်သီး၊ ငရုတ်သီးကြော်မှုန့်၊ ငံပြာရည် စသည်တို့နှင့် တွဲဖက်၍ စားသုံးလေ့ရှိသည်။

မုန့်ဟင်းခါး ချက်လုပ်ရောင်းချဒေသများဖြစ်သော မန္တလေးမုန့်ဟင်းခါး၊ ရန်ကုန်မုန့်ဟင်းခါး၊ မော်လမြိုင်မုန့်ဟင်းခါး၊ ဘိုကလေးမုန့်ဟင်းခါး၊ မြောင်းမြမုန့်ဟင်းခါး၊ ဟင်္သာတမုန့်ဟင်းခါး၊ ဖျာပုံမုန့်ဟင်းခါး၊ တောင်ငူမုန့်ဟင်းခါး၊ အင်းလေးမုန့်ဟင်းခါး၊ ရခိုင်မုန့်ဟင်းခါး(အာပူလျှာပူ)၊ ကရင်မုန့်ဟင်းခါး၊ ထားဝယ်မုန့်ဟင်းခါး စသည်ဖြင့် ဒေသအသီးသီး ကွဲပြားကြသော်လည်း ဧရာဝတီမြစ်ဝကျွန်းပေါ်မုန့်ဟင်းခါးကို လူကြိုက်များသည်ကို တွေ့ရ၏။

မြန်မာ့လူ့အဖွဲ့အစည်းအသီးသီးတွင် ခေတ်အဆက်ဆက်စားသုံးခဲ့ကြသော မုန့်ဟင်းခါးကို ဆိုင်းထမ်း၊ ဆိုက်ကားများဖြင့် လှည့်လည်ရောင်းချခဲ့ကြပြီး လမ်းဘေးပလက်ဖောင်းဆိုင်ငယ်များမှအစ ကားဂိတ်၊ သဘော်ဆိပ်များတွင် ဆိုင်ကြီးကနားကြီးများဖြင့် ရောင်းချသည်ကိုလည်း တွေ့ရသည်။

မုန့်ဟင်းခါး၏ အသုံးတွင်ကျယ်လာပုံမှာ အံ့မခန်းပင် ဖြစ်သည်။ လူမျိုးမရွေးဘာသာမရွေးစားသုံးနိုင်ခြင်းကြောင့် အလှူပွဲ၊ မင်္ဂလာပွဲများ၊ ဆွမ်းကျွေး၊ မွေးနေ့ပွဲများမှအစ စတုဒိသာကျွေးပွဲများ၊ အသုဘနာရေး ပွဲပါမကျန် မပါမဖြစ်သော စားဖွယ်မုန့်တစ်မျိုးဖြစ်ခဲ့သည်။ ထို့အပြင် 'မုန့်ဟင်းခါး'ဟူသော ခေတ်ပေါ်ဘန်းစကားတစ်မျိုးပင် ပေါ်ထွန်းလျက်ရှိသည်။ ကားစက်နိုးမရချိန် ကားကူတွန်းပေးရန်ခေါ်ရာတွင် 'မုန့်ဟင်းခါးစားကြွပါ'ဟု သုံးနှုန်းပြောဆိုလာသည်ကို တွေ့ရသည်မှာ ခေတ်သစ်လူ့အဖွဲ့အစည်းတွင် မုန့်ဟင်းခါး အမည် ရေပန်းစားလာပုံတစ်မျိုးပါပေ။

ယခုအချိန်အခါတွင် မြန်မာနိုင်ငံမှ လူငယ်အများအပြားသည် စင်္ကာပူ၊ ထိုင်း၊ မလေးရှား၊ ဂျပန်၊ ကိုရီးယား၊ ဗြိတိန်၊ အမေရိကန်နှင့် အခြားနိုင်ငံများသို့ သွားရောက်အလုပ် လုပ်ကိုင်မှုများရှိလာသည်နှင့်အမျှ ၎င်းတို့နှင့်အတူ မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါးသည်လည်း ကမ္ဘာ့အရပ်ရပ်သို့ ပျံ့နှံ့ရောက်ရှိခဲ့ပြီ ဖြစ်သည်။

ခေတ်မီတိုးတက်လာသည်နှင့်အမျှ အသင့်ချက်လုပ်စားသုံးနိုင်သော မုန့်ဟင်းခါးအခြောက်ထုပ်များလည်း ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။ မြန်မာတို့၏ ရိုးရာအစားအစာဖြစ်သော 'မုန့်ဟင်းခါး'ကို ကမ္ဘာ့စျေးကွက်သို့ ထိုးဖောက်ဖြန့်ချိလျက်ဖြစ်ရာ မြန်မာတို့၏ ရိုးရာအစားအစာ မုန့်ဟင်းခါး အကြောင်းကို ဂုဏ်ယူစွာ ရေးသားတင်ပြလိုက်ပါသည်။






## သမ္မတရာထူးတာဝန် ဆိုင်းငံ့ခံထားရသော ယွန်းကို ဖမ်းဆီးရန် ဖမ်းဝရမ်းထုတ်ဆင့်တော့မည်ဟု ဆို

**ဆိုးလ် ဒီဇင်ဘာ ၃၀**


သမ္မတရာထူးတာဝန် ဆိုင်းငံ့ခံထားရသော ယွန်းဆွတ်ယူးလ်ကိုဖမ်းဆီးရန် ဖမ်းဝရမ်းထုတ်ဆင့်တော့မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တောင်ကိုရီးယားတရားရုံးချုပ်၏ စစ်ဆေးကြားနာမှုခံယူရန်အတွက် ၄င်းထံသို့ သုံးကြိမ်တိုင်တိုင် သမ္မန်စာဆင့်ဆိုခဲ့သော်လည်း လျစ်လျူရှုခဲ့သဖြင့် ဖမ်းဝရမ်းဆင့်ထုတ်ရန် စီစဉ်နေခြင်းဖြစ်သည်ဟု ဆိုသည်။

သမ္မတကို ရာဇဝတ်ကြောင်းအရ ဖမ်းဆီးပိုင်ခွင့်မရှိသော်လည်း နိုင်ငံတော်ပုန်ကန်မှုကျူးလွန်လျှင်မူ စစ်ဦးစီးချုပ်နှင့် ရဲချုပ်တို့၏ လုပ်ပိုင်ခွင့်အရ ဖမ်းဆီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Mon





## ဂျပန်နိုင်ငံ၏ စက်ရုံအလုပ်ရုံများ သက်ဝင်လှုပ်ရှားမှု ဒီဇင်ဘာလအတွင်း နေးကွေးကြုံ့ဝင်သွားခဲ့

**တိုကျို ဒီဇင်ဘာ ၃၀**

ဂျပန်နိုင်ငံ၏ စက်ရုံအလုပ်ရုံများသက်ဝင်လှုပ်ရှားမှု ဒီဇင်ဘာလအတွင်း နေးကွေးကြုံ့ဝင်သွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အလုပ်အပ်နှံမှာယူမှုပမာဏနည်းပါးခဲ့ရာမှ စက်ရုံအလုပ်ရုံအများစုတွင် ကုန်ထုတ်လုပ်မှုအခြေအနေ ကြုံ့ဝင်သွားခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာလုံးဆိုင်ရာဈေးကွက်စစ်တမ်းအဖွဲ့က အစီရင်ခံသည်။

ယခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုသည် လေးလဆက်တိုက်လျော့ကျခဲ့ရာ ဒီဇင်ဘာလတွင် နိုဝင်ဘာလကဖြစ်ပေါ်ခဲ့သောပမာဏအောက် များစွာလျော့ကျခဲ့သည်။

ထိုသို့လျော့ကျခဲ့သော်လည်း ကုန်ထုတ်လုပ်သူအများစုအနေဖြင့် နောင်နှစ်တွင် ထုတ်ကုန်သစ်များ တိုးမြှင့်ထုတ်လုပ်ရဖွယ်ရှိသည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

Mon



ယမန်နေ့က တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ မိတ်ဆက်ပြသခဲ့သော တစ်နာရီလျှင် ကီလိုမီတာ ၄၅၀ ခရီးနှင်နိုင်သည့် ကမ္ဘာ့အမြန်ဆုံး မီးရထားများကို တွေ့ရစဉ်။ Mon



## အသက်အကြီးဆုံးအမေရိကန်သမ္မတ ဂျင်မီကာတာ အသက် ၁၀၀ ကျော်ပြီးမှ ကင်ဆာရောဂါဖြင့် ကွယ်လွန်

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်ပြည်ထောင်စု၏ အသက်အကြီးဆုံးသမ္မတ ဂျင်မီကာတာ အသက် ၁၀၀ ကျော်ပြီးမှ ကင်ဆာရောဂါဖြင့် ဒီဇင်ဘာ ၃၀ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စောင့်ရှောက်ရေးစခန်းတွင် ကင်ဆာရောဂါကုသမှုခံယူကာ ၁၉ လကြာမြင့်ခဲ့ပြီးနောက် ၄င်း ကွယ်လွန်ခဲ့ရခြင်း ဖြစ်သည်။

ဂျင်မီကာတာသည် ၂၀၁၅ ခုနှစ်ကတည်းက ကင်ဆာရောဂါ ခံစားခဲ့ရသော်လည်း ဘဝတွင် ကံကြမ္မာကိုအလျှော့ပေးတတ်သူမဟုတ်သဖြင့် ၁၀ နှစ်ခန့်ကြာမြင့်သည်အထိ ရှင်သန်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ ၃၉ ဦးမြောက်သမ္မတ ဂျင်မီကာတာသည် ငြိမ်းချမ်းရေးအတွက် တစ်စိုက်မတ်မတ်ဆောင်ရွက်ခဲ့ရာမှ ၂၀၀၂ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဗယ်လ်ဆု ချီးမြှင့်ခြင်းခံခဲ့ရကြောင်းသိရသည်။

Mon

## ဂျယ်ဂျူးလေကြောင်းလိုင်းပိုင် လေယာဉ်ပျက်ကျမှု မည်သို့ဖြစ်ပွားခဲ့ရသည်ကို ဆက်လက်စုံစမ်းစစ်ဆေး

**ဆိုးလ် ဒီဇင်ဘာ ၃၀**

တောင်ကိုရီးယားနိုင်ငံအခြေစိုက် ဂျယ်ဂျူးလေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်ပျက်ကျမှု မည်သို့ဖြစ်ပွားခဲ့ရသည်ကို သက်ဆိုင်ရာက ဆက်လက်စုံစမ်းစစ်ဆေးနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ဒီဇင်ဘာ ၂၉ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်မှ တောင်ကိုရီးယားနိုင်ငံသို့အပြန် ခရီးစဉ်တွင် ခရီးသည် ၁၇၅ ဦး၊ လေယာဉ်မှူးအပါအဝင် လေယာဉ်ဝန်ထမ်း ၆ ဦး စုစုပေါင်းလူ ၁၈၁ ဦး စီးနင်းလိုက်ပါလာသော ဘိုးရင်း ၇၃၇-၈၀၀ အမျိုးအစား အဆိုပါလေယာဉ်သည် မူအန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့အဆင်း ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂ မိနစ်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေဆိပ်ရှိ လေကြောင်းပျံသန်းမှုထိန်းချုပ်ရေးဌာနက နံနက် ၈ နာရီ ၅၄ မိနစ်တွင် ထိုလေယာဉ်ကို ဆင်းခွင့်ပြုလိုက်သည်။ ငှက်တစ်ကောင်နှင့်ဝင်တိုက်မိသည်ဟု ၈ နာရီ ၅၉ မိနစ်တွင် လေယာဉ်မှူးကသတင်းပို့ပြီး ဆန့်ကျင်ဘက်အရပ်မှ ဆင်းခွင့်ပြုရန် ထိန်းချုပ်မျှော်စင်ကိုတောင်းဆိုသည်။ ၉ နာရီ ၁ မိနစ်တွင် လေယာဉ်ဆင်းလာစဉ် ဘီးချမရသဖြင့် ဝမ်းပိုက်ဖြင့်ဆင်းခဲ့ရာ ၉ နာရီ ၂ မိနစ်တွင် လေယာဉ်နှင့် ပြေးလမ်း အရှိန်ဖြင့်ထိတွေ့ပွတ်တိုက်မိပြီးနောက် ပေါက်ကွဲမီးလောင်ခဲ့ရသည်။

လေယာဉ်မှူးမှာ မောင်းနှင်ခဲ့သည့်နာရီပေါင်း ၆၈၀၀ ရှိသည့် သမ္မာရင့်ဝါရင့်တစ်ဦးဖြစ်သည်။ လေယာဉ်အနေဖြင့်လည်း ဘေးကင်းလုံခြုံမှုမှတ်တမ်းကောင်းရှိထားပြီးဖြစ်သည်။ ငှက်ကို လေယာဉ်ဝင်တိုက်မိခြင်းနှင့် လေယာဉ်ဘီးချမရခြင်း သက်ဆိုင်စရာအကြောင်းမရှိဟု လေကြောင်းပျံသန်းမှုကျွမ်းကျင်သူများက ထောက်ပြခဲ့ကြသည်။

ထိုသို့ထောက်ပြကြသော်လည်း ဒီဇင်ဘာ ၃၀ နံနက်ပိုင်းတွင် ဂျယ်ဂျူးလေကြောင်းလိုင်းမှ ဘိုးရင်းကုမ္ပဏီထုတ်အမျိုးအစားတူလေယာဉ် ဆိုးလ်မြို့တော် ဂင်မ်ပိုလေဆိပ်မှ ဂျယ်ဂျူးကျွန်းသို့ဦးတည်ပျံသန်းစဉ် တက်ခါစတွင်ပင် ဘီးပြဿနာကို လေယာဉ်မှူးကသတိပြုမိသဖြင့် နောက်ကြောင်းပြန်လှည့်ပြီး အရေးပေါ်ဆင်းသက်ခဲ့ရသဖြင့် ထိုဘိုးရင်းလေယာဉ်၏ ချွတ်ယွင်းမှုနှင့် ပတ်သက်၍ စဉ်းစားစရာဖြစ်ခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ ထိုလေယာဉ် ပျက်ကျမှုဖြစ်ပွားရသည့် အကြောင်းရင်းကို ခရီးစဉ်မှတ်တမ်းသေတ္တာများဖြင့် အတည်ပြုရမည်ဖြစ်ရာ တစ်လခန့်ကြာမှ အဖြေမှန်ပေါ်ထွက်လာမည်ဖြစ်ကြောင်း သိရသည်။

Mon



## အသက် ၁၃ နှစ်အရွယ် တရုတ်ကျောင်းသားနှစ်ဦးကို လူသတ်မှုဖြင့် ထောင်ဒဏ်တစ်သက်နှင့် ၁၂ နှစ်ချမှတ်

**ပေကျင်း ဒီဇင်ဘာ ၃၀**

ဒီဇင်ဘာ ၃၀ ရက်တွင် အသက် ၁၃ နှစ်အရွယ် တရုတ်ကျောင်းသားနှစ်ဦးကို လူသတ်မှုဖြင့် ထောင်ဒဏ်တစ်သက်နှင့် ၁၂ နှစ်ချမှတ်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုကျောင်းသားနှစ်ဦးသည် လွန်ခဲ့သောမတ်လက အတန်းဖော်ကျောင်းသားတစ်ဦးကိုသတ်ပြီး သေသူထံမှငွေကိုခွဲယူခဲ့ကြသဖြင့် ပြစ်မှုထင်ရှားစီရင်ခံရခြင်းဖြစ်သည်။

အခင်းဖြစ်စဉ်က အတူရှိနေခဲ့သော အခြားကျောင်းသားတစ်ဦးကို တရားရုံးက မျက်မြင်သက်သေအဖြစ်သတ်မှတ်ကာ လွှတ်ပေးခဲ့ကြောင်း သိရသည်။ Mon

## ထိုင်းနိုင်ငံ ဘန်ကောက်မြို့အနီးရှိ အမ်ဘာဟိုတယ်၌ မီးလောင်မှုဖြစ်ပွား၊ နိုင်ငံခြားသားသုံးဦး သေဆုံး

**ဘန်ကောက် ဒီဇင်ဘာ ၃၀**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့အနီးရှိ အမ်ဘာဟိုတယ်၌ ဒီဇင်ဘာ ၂၉ ရက်ညပိုင်းက မီးလောင်မှုဖြစ်ပွားရာ နိုင်ငံခြားသားသုံးဦး သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နိုင်ငံခြားသားအများစုနေထိုင်သောအဆောင်များ၊ တည်းခိုခန်းများ၊ အရက်ဆိုင်များဖြင့် အထူးစည်ကားသည့် ခိုဆန်ရပ်ကွက်အနီးတွင်တည်ရှိသော



အဆိုပါဟိုတယ်၏ ငါးထပ်မြောက်တွင် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘန်ကောက်မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဘရာဇီးအမျိုးသမီးတစ်ဦး၊ အမေရိကန်အမျိုးသားတစ်ဦးနှင့် ယူကရိန်းအမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ကအတည်ပြုသည်။

အထပ်ခြောက်ထပ်ရှိသော အခင်းဖြစ်ဟိုတယ်သို့ မီးသတ်တပ်ဖွဲ့ဝင်များသွားရောက်ကာ ပြတင်းပေါက်မှန်များကိုရိုက်ခွဲပြီး အတွင်းပိုင်းအထိ ဝင်ရောက်မီးငြိမ်းသတ်ကာ ခေါင်မိုးပေါ်မှ လူ ၃၄ ဦးကို ကယ်တင်ပေးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Mon

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## It's What Inside 2024 တွင် လူငယ်ခုနစ်ဦး၏ ခန္ဓာကိုယ်ပြောင်းလဲခြင်း ပြသထား



၂၀၂၄ခုနှစ်တွင် သမားရိုးကျမှခွဲထွက်၍ထူးခြားသည့် Horror ရုပ်ရှင် It's what inside 2024 ထွက်ရှိလာရာ လူငယ်ပရိသတ်ကြား ရေပန်းစားခဲ့သည့် လူငယ်ခုနစ်ဦးခန္ဓာကိုယ်ပြောင်းလဲကြောင်း ပြသထားသည့် ရုပ်ရှင်ဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် သူငယ်ချင်းခုနစ်ဦး မင်္ဂလာဆောင်ဂုဏ်ပြုပွဲရောက်လာစဉ် ရှစ်နှစ်တာကွဲကွာနေသည့်သူငယ်ချင်းဟောင်း၏ ထူးဆန်းသောလက်ဆွဲသေတ္တာကြောင့် ခန္ဓာကိုယ်ချင်းလဲလှယ်ပေးခဲ့ရာမှ အစပိုင်းတွင် ပျော်စရာကောင်းခဲ့ပြီး သူငယ်ချင်းများကြား အတွင်းစိတ်များပေါ်လာကာ အမုန်းတရားနှင့် ဆိုးဝါးသော ထိန်းချုပ်မှုမဲ့များ ဖြစ်ပေါ်လာသည်။

ဆန်းသစ်သော ဇာတ်ညွှန်းနှင့် ကိုယ်ပိုင်ဖန်တီးမှုအသစ်ရိုက်ချက်ဆန်းများကြောင့် လူငယ်ထုကြား ရေပန်းစားကာ သမားရိုးကျနှင့်ခွဲထွက်၍ထူးဆန်းသော Horror ရုပ်ရှင်ဖြစ်ခဲ့သည်။

(SKY)

## Shin Yeeun အဓိကနေရာ သရုပ်မဆောင်ခြင်းမှာ အကြောင်းရင်းရှိ

အနုပညာရှင် ရှင်ရီအွန်းသည် အဓိကသရုပ်ဆောင်နေရာမှနား၍ ဇာတ်ရန်အဖြစ် ပါဝင်သရုပ်ဆောင်ရခြင်းမှာ အကြောင်းအရင်းတစ်ခုရှိကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ရှင်ရီအွန်းပါဝင်ထားသည့် A Star is Born: Jeongnyeon တွင်ဒုတိယနေရာမှ ပါဝင်ထားပြီး ချောမောသောရုပ်ရည်နှင့် ရိုးရာဝတ်စုံ Hangbok မှာ လိုက်ဖက်မှုရှိနေသဖြင့် ပရိသတ်အားပေးမှုရရှိထားသည်။

အဓိကသရုပ်ဆောင်နေရာမယူသေးဘဲ ပရောဂျက်ကြီးကြီးများတွင် ဇာတ်ရံနေရာမှ ပါဝင်ကာ အရှိန်ယူနာမည်ရမှ အဓိကသရုပ်ဆောင်အဖြစ်ဝင်ရောက်ခြင်းမှာ ပို၍အခြေခိုင်မာသောကြောင့် ဖြစ်သည်ဟု အင်တာဗျူးတွင်ပြောကြားသွားသည်။ (SKY)

## Deepikapaduone သမီးလေးမွေးပြီး ပထမဆုံးပွဲတက်လာ

ဘောလိဝုဒ်နာမည်ကြီး အနုပညာရှင် ဒီပီကာပါဒူဝမ်သည် သမီးလေးမွေးပြီး သုံးလအကြာမှ ပထမဆုံးအကြိမ် ဇာတိမြို့ ဘန်ဂလိုရှိပွဲသို့ တက်ရောက်ရှိခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါပွဲမှာ ဒီပီကာပါဒူဝမ်၏ ဇာတိဘန်ဂလိုးမြို့၌ ကျင်းပခဲ့ပြီး အဆိုတော် Diljit ၏ ရှိုးပွဲဖြစ်ပြီး ဧည့်သည်တော်အဖြစ်ဖိတ်ကြားခံရ၍ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲတွင် ဒီလ်ဂျစ်က ဒီပီကာပါဒူဝမ်၏ ကိုယ်ပိုင်ထုတ်အလှကုန်အမှတ်တံဆိပ်များကို နေ့စဉ်သုံးစွဲကြောင်းပြောကာ စင်ပေါ်တွင် ချီးကျူးစကားပြောကြားသွားသည်။ ဒီပီကာပါဒူဝမ်မှာ ဝဖိုင့်သောကိုယ်ခန္ဓာနှင့် ယခင်ကထက်ပိုမိုချောမောလာသည်ကို တွေ့ကြုံရ၍ ပရိသတ်တစ်ခဲနက်အားပေးထားကြသည်။

(SKY)





## Black Pink မှ Jisoo ၏ Newtopia ၂၀၂၅ ခုနှစ်တွင် ထွက်ရှိမည်

ဘလက်ပင့်စ်အဖွဲ့ဝင်ဟောင်း ဂျီဆိုက Snow drop အပြီး အချိန်ကြာမြင့်စွာရှိနေရာမှ Newtopia တွင် သရုပ်ဆောင်အဖြစ်ပါဝင်ထားပြီး ၂၀၂၅ခုနှစ်ဇန်နဝါရီလတွင် ပြသမည်ဟုအင်တာဗျူးတစ်ခုတွင် အတည်ပြုထားကြောင်း ကိုရီးယား ဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားကို အော်စကာဆုရရှိထားသည့် Parasite စာရေးဆရာဟန်ဂျီဝမ်က ရေးသားထားပြီး ဂျီဆို၏သရုပ်ဆောင်မှုများကို တစ်ဖန်ပြန်လည်မြင်တွေ့ရမည်ဖြစ်၍ ပရိသတ်စိတ်ဝင်စားနေကြသည်။

ဂျီဆိုနှင့်အတူတွဲဖက်သရုပ်ဆောင်မင်းသား ပတ်ဂျောင်မင်က အင်တာဗျူးတစ်ခုတွင် ယင်းကားကို၂၀၂၅ခုနှစ် ဇန်နဝါရီလတွင် စတင်ပြသသွားမည်ဟု အတည်ပြုထားပေးရာ ဂျီဆို၏ ပရိသတ်များရင်ခုန်စွာစောင့်မျှော်နေကြသည်။ (SKY)

## James Gunn ၏ DC Studios အသစ် ဖွင့်လှစ်ထား

ဟောလိဝုဒ်ဒါရိုက်တာ ဂျိမ်းစ်ဂမ်သည် DC Universe သစ်နှင့်မသက်ဆိုင်သည့် DC Studios အသစ်ကိုဖွင့်လှစ်ခဲ့ကြောင်း ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။




ဒါရိုက်တာဂျိမ်းစ်ဂမ်က DC ၏ နာမည်ကျော်ဇာတ်ကားများဖြစ်သည့် Watchmen များကို သူ၏ DC Studios သစ်တွင်ထပ်မံအသုံးပြုခြင်းမရှိဟု သိရသည်။

ဂျိမ်းစ်ဂမ်နှင့် Happy Sad Confused အစီအစဉ်တွင် Watchmen များနှင့်ပတ်သက်၍ ပြောကြားခဲ့ရာ၌ အယ်လန်မော်ရီ Watchmen ရုပ်ပြဖန်တီးသူကို လေးစားပြီး ဇာတ်လမ်းတွဲကိုလည်း သဘောကျကြောင်းပြောကြားထားသည်။

၁၉၈၆ခုနှစ်ထုတ် ရုပ်ပြစာစောင်ဖြစ်သည့် Watchmen သည် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ စစ်အင်အားပြိုင်ဆိုင်မှု အမေရိကန်တွင် စူပါဟီးရိုးဝါဒကြီးမားလာပုံကို ပုံဖော်ထားသည့် ရုပ်ပြစာစောင်ဖြစ်ပြီး၊ ၂၀၀၉ ရုပ်ရှင်နှင့်၂၀၁၉ ဇာတ်လမ်းတွဲများမှာ ပြင်းထန်စွာဝေဖန်ခံခဲ့ရရုံသာမက ဇာတ်ကောင်ကိုင်တွယ်မှုများကိုပါ ထောက်ပြထားခံခဲ့ရသည်။

ဝမ်းနာဘရိုဒီစကာဗာရီနှင့် ပါရာမောက်တို့မှ ၂၀၂၄ခုနှစ်တွင် Watchmen:Chapter 1နှင့် 2 ရုပ်ရှင်နှစ်ကားကို ထုတ်လုပ်ထားသည်။ (SKY)

## အပင်မှထွက်ရှိသော နို့ရည်များထဲမှ အာဟာရဓာတ် နွားနို့ကိုအစားထိုးရန် ဖြစ်နိုင်မည်မဟုတ်ဟုဆို



နွားနို့နောက်ပိုင်းတွင် လက်ဖက်ရည်၊ ကော်ဖီစသော သောက်သုံးဖွယ်ရာများပေါ်ထွန်းလာရာမှ နွားနို့ကို လက်ဖက်ရည်၊ ကော်ဖီတို့နှင့် တွဲဖက်သောက်သုံးလာကြသည်။

ပဲပိစပ်မှ ပဲနို့ကိုထုတ်လုပ်ပြီးနောက် ယနေ့ခေတ်ဈေးကွက်တွင် ဗာဒံစေ့၊ ဆန်နှင့်အုတ်စပါးတို့ကို ကြိတ်ရာမှ ပေါ်ထွက်လာသော နွားနို့နေရာတွင် အပင်အခြေပြုနို့ရည်အမျိုးမျိုးကို စားသုံးသူများ အစားထိုးဝယ်ယူသောက်သုံးကြပြန်သည်။

ယင်းအပင်အခြေပြု နို့ရည်များ၏ အာဟာရတန်ဖိုးနှင့်ပတ်သက်၍ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်တက္ကသိုလ်အစားအစာသိပ္ပံဌာနမှ ပါမောက္ခမာရီယန်းနစ်ဆင်လန်းဦးဆောင်သော သုတေသီများ စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အပင်မှထွက်ရှိသောနို့ရည်များထဲရှိ အာဟာရဓာတ်မှာ နွားနို့ကိုအစားထိုးရန် ဖြစ်နိုင်မည်မဟုတ်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်းသိရသည်။ SCI



## Pushpa 2 က Bahubali 2 ကို စံချိန်ချိုးရန် ပြင်ဆင်

အိန္ဒိယတောင်ပိုင်းရုပ်ရှင်များတွင် အအောင်မြင်ဆုံးရုပ်ရှင်မှာ Bahubali 2 Pushpa 2 က ဝင်ငွေကို ကျော်တက်၍ စံချိန်ချိုးရန် ပြင်ဆင်နေသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အိန္ဒိယရုပ်ရှင်သမိုင်းတွင် ဝင်ငွေအများဆုံးနှင့်စံချိန်တင်ထားသည့်ကားမှာ အမိရ်ခန်း၏ဘောလိဝုဒ်ရုပ်ရှင် Dangal ဖြစ်ပြီး ယနေ့ထိ ထိုစံချိန်ကို ချိုးနိုင်သူမရှိသေးပေ။

ကိုဗစ်ကာလတွင်ရုံတင်ခဲ့သည့် Pushpa မှာ ရုံတင်ဝင်ငွေကုဋေလေးရာကျော်ရရှိပြီး ယခုမှာ Pushpa 2 မှာ ဝင်ငွေကုဋေ ခြောက်ရာကျော်ရနိုင်ပြီး ကုဋေထောင်ချီ၍စံချိန်သစ်တင်ရန် ပြင်ဆင်ကြိုးစားနေကြသည်။

အဓိကသရုပ်ဆောင်အာလူးအာဂျွန်နှင့် ရာရှ်မီကာတို့က ယင်းရုပ်ရှင်ကို အိန္ဒိယတောင်ပိုင်း မြောက်ပိုင်းအပြင် ပြင်ပနိုင်ငံများအထိ ပရိုမိုးရှင်းဆင်းမည်ဖြစ်ပြီး ပထမဆုံးခရီးစဉ်အဖြစ် ပတ်နာမြို့သို့ရောက်ရှိနေကာ ဒါရိုက်တာနှင့် အဖွဲ့သားများက ယုံကြည်မှုအပြည့်ဖြစ်နေကြသည်။ (SKY)

# ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ

**ညောင်ဦး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ ဒီဇင်ဘာ အားကစားလှုပ်ရှားလမ်းလျှောက်ခြင်းကို ဒီဇင်ဘာ ၂၈ နံနက် ၆ နာရီက ညောင်ဦးမြို့ ဘုရားနီလမ်းဆုံမှစတင်ကာ ခရိုင် အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ဒီဇင်ဘာအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ခြင်းအား ညောင်ဦးခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးဆောင်ကာ ညောင်ဦးခရိုင်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ပရဟိတအသင်းသူ၊ အသင်းသားများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ပါဝင်လမ်းလျှောက်ခဲ့ကြကာ ညောင်ဦး-ကျောက်ပန်းတောင်းသွား ဘုရားနီလမ်းဆုံမှ အနော်ရထာ နှစ်လမ်းသွားလမ်းမကြီး၊ ထိုမှတစ်ဆင့် ရွှေစည်းခုံဘုရားသွားလမ်းမှ လမ်းမတော်လမ်းတစ်လျှောက်မှ ဘောလုံးကွင်းအတွင်း ဝင်ရောက်ကြကာ ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ခန်းအတွဲ-၁၊ ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်း အတွဲ-၂ တို့အား စုပေါင်းပြုလုပ်ခဲ့ကြပြီး အကြောလျှော့ခြင်းများ စုပေါင်းပြုလုပ်ခဲ့ကြကြောင်း၊ စုပေါင်းလမ်းလျှောက်ကြရာသို့ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း အင်အား ၅၂၀တို့ဖြင့် စုပေါင်းလမ်းလျှောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)



**ကျောက်ဆည် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် ဒီဇင်ဘာအားကစားလူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၅နာရီက ကျောက်ဆည်မြို့၊ဆူးကုန်းရပ်ကွက်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှေ့တွင် စုရပ်အဖြစ် စတင်ခဲ့ပြီး ရွှေရတီမီးပွိုင့်-ရန်ကုန်-မန္တလေးကားလမ်း-လက်ပြတိုင် မီးပွိုင့်၊ ခရိုင်တရားရုံးလမ်းဆုံ-ပြည်သူ့အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးရဲဝင်းထွန်းနှင့်အဖွဲ့ဝင်များ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပညာရေးဌာနမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၅၀ ဦး စုပေါင်းပါဝင်ဆင်နွှဲခဲ့သည်။

စုပေါင်းလမ်းလျှောက်အဖွဲ့သည် မြို့နယ်အားကစားကွင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲအမှတ်(၁)၊ (၂)နှင့် Fitness Dance အက တို့ကို စုပေါင်း၍ ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (၄၈၅)




**စဉ့်ကိုင် ဒီဇင်ဘာ ၃၀**

ပြည်သူလူထုတစ်ရပ်လုံး ကိုယ်ကာယကြံ့ခိုင်သန်မာစေရန်၊ ကိုယ်လက်လှုပ်ရှားအားကစားများတွင် အတူပူးပေါင်းပါဝင်ဆင်နွှဲတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ကာ ဒီဇင်ဘာလကို အားကစားကာလအဖြစ် သတ်မှတ်ပြီး အားကစားပြိုင်ပွဲများ၊ လူထုလမ်းလျှောက်ပွဲကို ကျင်းပလျက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင်လည်း ဒီဇင်ဘာ အားကစားကာလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါလူထုလမ်းလျှောက်ပွဲတွင် စဉ့်ကိုင်မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးပြည့်ဖြိုးအောင်နှင့်အဖွဲ့ဝင်များ၊ တက္ကသိုလ်ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အခြေခံပညာဦးစီးဌာနမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများနှင့် ပရဟိတအဖွဲ့အစည်းများက မြို့နယ်အားကစားကွင်းမှတစ်ဆင့် ရန်-မန်းလမ်းအတိုင်း တောမကျေးရွာအုပ်စု၊ ပင်းချားတံတားထိလည်းကောင်း၊ ပင်းချားတံတားထိပ်မှ မြို့နယ်အားကစားကွင်းအထိလည်းကောင်း၊ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အားကစားကွင်းအတွင်း၌ ကာယနည်းပြဆရာမ ဒေါ်ခင်စိုးဝင်းနှင့် နည်းပြ သုံးဦးတို့ ဦးဆောင်၍ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာကြသူများအား ကာယလေ့ကျင့်ခန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) ကျော်စွာ(စဉ့်ကိုင်)



**မိတ္ထီလာ ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီ ၃၀ မိနစ်က နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမနှင့် ဗိုလ်ချုပ်ကြေးရုပ်အနီးမှ ရတနာမာရ်အောင်ရပ်ကွက်ရှိ ခရိုင်အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

အဆိုပါလူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ် မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုလတ်ထွေးနှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြုသင်တန်းကျောင်းမှသူနာပြုဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ကိုယ်ပိုင်ကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက နန်းတော်ကုန်းရပ်ကွက် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမနှင့် ဗိုလ်ချုပ်ကြေးရုပ်အနီးမှ ရတနာမာရ်အောင်ရပ်ကွက်ရှိ ခရိုင်အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် ခရိုင်အားကစားကွင်းတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအတွဲ(၁) နှင့် အတွဲ(၂)ကို စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (၄၆၉)



**ပြင်ဦးလွင် ဒီဇင်ဘာ ၃၀**

ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများ ဖြစ်လာစေရန်အတွက် အေးမြသော ဆောင်းဟေမာန်ရာသီ၏ စုပေါင်းလူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီ မိနစ် ၄၀က ပြင်ဦးလွင်မြို့တွင် ကျင်းပခဲ့သည်။

အဆိုပါလူထုလမ်းလျှောက်ပွဲကို စုပေါင်းရုံးလမ်းနှင့် မြို့ပတ်လမ်းဆုံစုရပ်မှ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အားကစားမှူးတို့မှ ဦးဆောင်၍ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများပါဝင်သော အင်အား ၁၄၅၀ ဦးခန့်တို့က နံနက် ၅ နာရီ မိနစ် ၄၀ က စတင်ထွက်ခွာ၍ စုပေါင်းရုံးလမ်းဆုံမှ မြို့ပတ်လမ်းအတိုင်း ဈေးလေးမီးပွိုင့်မှ မန္တလေး-လားရှိုးလမ်းအတိုင်း ခရိုင် အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြရာ ခရိုင်အားကစားကွင်းတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများပြုလုပ်ကြပြီး စုပေါင်းလူထုလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများအား အကြော်နှင့်ကောက်ညှင်းပေါင်းတို့အား ကျွေးမွေးဧည့်ခံပြီး Zumba အကနှင့်အတူ စုပေါင်းလှုပ်ရှားခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ခရိုင်(ပြန်/ဆက်)

*-*-*-*-*






**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီခွဲက ပြုလုပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါလူထုလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်စိုးနှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ တာထွက်၍ မြို့တစ်ပတ်လျှောက်ပြီး ကမ်းနားလမ်း We Love Sinbaungwe ဆိုင်းဘုတ်ရှေ့တွင် ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



## ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင် အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၂၇ ရက်၊ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညို က အဖွင့်အမှာစကားပြောကြားသည်။ ခရိုင်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ်(၁၀/၂၀၂၄) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများအား လုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းဆောင်ရွက်ဆဲ၊ လုပ်ငန်းပြီးမြောက်မှုအခြေအနေများအား ဦးစီးဌာန၊ လုပ်ငန်းအလိုက်တင်ပြဆွေးနွေးကြသည်။ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးမျိုးခိုင်ဝင်းက လုပ်ငန်းဆောင်ရွက်မှုများအား ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာသည့်ခရိုင်အဆင့်ဌာနဆိုင်ရာများက ကဏ္ဍအလိုက်ဆွေးနွေးကြကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄ဧ၁)**

## မန္တလေးရှေ့နေအသင်း ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ ၂၀၂၅-၂၀၂၇ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးရှေ့နေအသင်း ဒုတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ၃၂ လမ်းနှင့် ၆၈လမ်းထောင့်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်တွင် ကျင်းပသည်။ အခမ်းအနားတွင် သဘာပတိဥက္ကဋ္ဌ ဦးတင်ဆောင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းနာယကမှ သြဝါဒစကားပြောကြားသည်။ အတွင်းရေးမှူးမှ အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို



ဖတ်ကြားတင်သွင်းခြင်းနှင့် ဘဏ္ဍာရေးမှူးမှ ဘဏ္ဍာရေးရှင်းတမ်း ဖတ်ကြားခဲ့သည်။ စာရင်းစစ်မှ စာရင်းစစ်အစီရင်ခံစာ ဖတ်ကြားခြင်း၊ အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၇ ခုနှစ်အထိ မန္တလေးရှေ့နေအသင်းမှ ရွေးချယ်တင်မြှောက်သော ဥက္ကဋ္ဌဦးဝမ်းမောင်၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးတင်ဆောင်၊ ဒုတိယဥက္ကဋ္ဌ(၂)ဦးအောင်ငွေ၊ အတွင်းရေးမှူး ဦးမောင်မောင်ဟိန်း၊ ဘဏ္ဍာရေးမှူး ဦးလှနွယ်ပါ အလုပ်အမှုဆောင်အဖွဲ့သစ်(၂၅)ဦးတို့အား အတည်ပြုချက်ရယူခြင်း မန္တလေးရှေ့နေအသင်း၏ အသင်းဖွဲ့စည်းပုံစည်းမျဉ်းပြင်ဆင်ဖြည့်စွက်ခြင်းအား အတည်ပြုချက်ရယူသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ အသင်း၏ ဖွဲ့စည်းပုံစည်းမျဉ်းပါ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ကတိပြုပြီး သဘာပတိကကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ဝ၄၅**

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပန်းနှမ်း ၃၁၉ ဧကထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဆီစားသုံးမှု ဖူလုံစေရန်နှင့် သီးနှံဝင်ငွေ တိုးပွားစေရန်ရည်ရွယ်၍ ပန်းနှမ်း ၁၁၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ်စိုက်ဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းသီးနှံ ၁၁၅ ဧက စိုက်ပျိုးရန် လျာထားရှိပြီး ဒေသခံတောင်သူများက လျာထားစိုက်ဧက ပြည့်မီစေရန် ယခုနှစ် နိုဝင်ဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပန်းနှမ်း ၃၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားသုံးဆီ ဖူလုံပိုလျှံစေဖို့၊ သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့ ရည်ရွယ်ပြီး ပန်းနှမ်းသီးနှံ ၁၁၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ပန်းနှမ်း ၃၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားစိုက်ဧကထက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပန်းနှမ်းစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူတွေကို အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်အောင် စိုက်နည်းစနစ်နဲ့ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရရှိအောင်၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းပညာနဲ့ သွင်းအားစုပစ္စည်းတွေ စနစ်တကျသုံးစွဲတတ်အောင် တောင်သူပညာပေးတွေ ကူညီဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှုရှိသဖြင့် ဒေသခံတောင်သူများက နှစ်စဉ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် စားသုံးဆီ ဖူလုံပိုလျှံစေရန်နှင့် သီးနှံဝင်ငွေ ပိုမိုရရှိစေရန်အတွက် ပန်းနှမ်းသီးနှံအားအားထားစိုက်ပျိုး လုပ်ကိုင်ကြကြောင်း၊ ယခင်နှစ်က ဆီထွက်သီးနှံ ပန်းနှမ်းစိုက်ပျိုးခြင်းကို (၁၂၁)ဧက လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကာ ယခုနှစ်တွင် သတ်မှတ်လျာထားစိုက်ဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးထားရှိသော ပန်းနှမ်းစိုက်ခင်းများကို သီးနှံအထွက်နှုန်း ကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက်တွင် အမှိုက်များကင်းစင်ရေးနှင့် အမှိုက်များစနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပြုလုပ်

**မြစ်သား ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့အတွင်းရှိ ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက်တွင် အစဉ်အမြဲ သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ စည်းကမ်းတကျ အမှိုက်စွန့်ပစ်သည့် အလေ့အကျင့် ကောင်းများရရှိစေရန်ရည်ရွယ်၍ မြို့ပြသန့်ရှင်းသာယာလှပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီအချိန်က ကူမဲမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။**(အောက်ပုံ)**

ရှေးဦးစွာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့်အဖွဲ့ဝင်များက ကူမဲမြို့အတွင်းရှိ ရန်ကုန်-မန္တလေးကားလမ်းဘေး ဝဲ၊ ယာ လမ်းမကြီးတစ်လျှောက်တွင် စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များကို အမှိုက်များ ကင်းစင်ရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် ကူမဲမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့မိ၊ မြို့ဖများက ဝိုင်းဝန်းဆွေးနွေးတင်ပြခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက လိုအပ်သည့်အကြောင်းများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(မြစ်သား)**

၀-၀-၀-၀-၀



## ကျောက်ဆည်မြို့နယ်တွင် တစ်နိုင်တစ်ပိုင် ဆိတ်မွေးမြူသူများ အဆင်ပြေ

**ကျောက်ဆည် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးရေးကို အခြေခံပြီး ပြည်သူများအနေဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရေး တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ငန်းများ တွဲဖက်လုပ်ကိုင်လျက်ရှိရာ ဆိတ်မွေးမြူသူများ အဆင်ပြေလျက်ရှိသည်။

ဆိတ်များမွေးမြူရာတွင် အရင်းအနှီးနည်းနည်းဖြင့် စတင်အကောင်အထည်ဖော်နိုင်ပြီး နေ့စဉ်လွတ်ကျောင်းခြင်းဖြင့် အစာအရင်းအနှီး စိုက်ထုတ်ရန်မလိုခြင်း၊ ရောဂါဒဏ်ခံနိုင်ခြင်း၊ တစ်နှစ် နှစ်ကြိမ် သားပေါက်ခြင်းများကြောင့် တစ်နိုင်တစ်ပိုင် ဆိတ်မွေးမြူသူများ အဆင်ပြေလျက်ရှိကြောင်း ရေသရောက်ကျေးရွာမှ ဆိတ်မွေးမြူသည့် ဒေါ်အေးသန်းက ပြောပြသည်။

ကျောက်ဆည်မြို့နယ် အနေဖြင့် ဆိတ်မွေးမြူသူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ချေးပေးလျက်ရှိပြီး မြင်းကဘက်ကျေးရွာမှ ဦးစောနိုင်၊ ဆူးလေကုန်းကျေးရွာမှ ဒေါ်သန်းသန်းဌေး၊ ဦးတင်မျိုးဆွေ၊ ဦးရှန်၊ ဦးကြာမောင်၊ ဦးကျော်သူငြိမ်း၊ ရဲစုရပ်ကွက်မှ ဒေါ်မြတ်မြတ်ရွှေတို့အား နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ချေးပေးခဲ့ပြီး မွေးမြူရေးကဏ္ဍ အောင်မြင်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိတ်မွေးမြူထားသည့် ပြည်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံပြီး ဆိတ်များ၏ ကျန်းမာရေးအခြေအနေများ၊ ဆိတ်ခြံသန့်ရှင်းရေးနှင့် လွတ်ကျောင်းချိန်နှင့် ရောဂါကင်းရှင်းရေး၊ ရောဂါကြိုတင်ကာကွယ်ရေးနည်းများ အကြောင်း စနစ်တကျ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**၄ဧ၅**

သင့်သွေးဖြင့် အသက်ကယ်ပါ။



## မကွေးမြို့တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း သုံးမျိုး သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ

**မကွေး ဒီဇင်ဘာ ၃၀**

ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကြီးကြပ်ဖွင့်လှစ်သည့် ဧည့်ကြိုသင်တန်း(Front Office)၊အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်း (Food& Beverage Service) နှင့် အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း (House Keeping)စသည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း သုံးမျိုးဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် မကွေးမြို့ပုလဲရွှေရည် ဟိုတယ်၌ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊မန်နေဂျာများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သည်။

ရှေးဦးစွာ စီးပွားရေးရာဝန်ကြီးက အမှာစကားပြောကြားရာတွင် မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၄ခုနှစ်အထိ ဟိုတယ် ၃၅လုံး၊တည်းခိုရိပ်သာ ၂၅လုံး၊ စုစုပေါင်း အလုံး ၆၀ ထိ ဖွင့်လှစ်ထားနိုင်ပြီး ဟိုတယ်ဝန်ထမ်းအင်အားစုစုပေါင်း ၄၅၇ ဦး ရှိကာ သင်တန်းတက်ရောက်ပြီးစီးမှုအနေဖြင့် ၉၂ရာခိုင်နှုန်း ရှိပြီဖြစ်သည့်အတွက် ဝန်ထမ်းများ၏ စွမ်းဆောင်မှုများ တိုးတက်လာတာတွေ့ရှိရပါကြောင်းနှင့် ဝန်ထမ်းအားလုံးရာနှုန်းပြည့် သင်တန်းတက်ရောက် ပြီးစီးရေးအတွက် ဆက်လက်တွန်းအားပေး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးရှိ ခရီးစဉ်ဒေသအသီးသီးသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှုသာ ဝင်ငွေရရှိမှုများလည်း တိုးတက်လာမှာဖြစ်ပြီး ကျွမ်းကျင်လုပ်သားထု ပေါ်ပေါက်လာခြင်းကြောင့်လည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သင်တန်းသားများအား စီးပွားရေးရာဝန်ကြီးက ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းသားများကိုယ်စား သင်တန်းသား တစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန အစီအစဉ်ဖြင့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း သုံးမျိုးအနက် ဧည့်ကြိုသင်တန်း (Front Office)၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်း Food & Beverage(Service) သင်တန်း နှစ်မျိုးအား မကွေးမြို့၌ သင်တန်းသား၊ သင်တန်းသူ ၆၀ဦး၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (House Keeping) အား အောင်လံမြို့၌ သင်တန်းသား၊ သင်တန်းသူ ၃၀ဦး စုစုပေါင်း သင်တန်းသား၊သင်တန်းသူ ၉၀ ဦးအား သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

အောင်ကို(ဖန်ခါးမြေ)

*-*-*-*-*

## အာစရိယပူဇော်ပွဲ အနှစ်(၃၀)ပြည့်ပုလဲရတုမင်္ဂလာ ကျင်းပ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အနှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းရှိ စကားဝါခန်းမတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး၊ ကျောင်းသားဟောင်းတစ်ဦးက ကန်တော့ပန်းဆင်လွှာအား ဖတ်ကြား၍ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ကြသည်။ ယင်းနောက် ကန်တော့ခံဆရာကြီး၊ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးကိုကိုက ဩဝါဒစကားပြောကြားပြီး၊ ခုနှစ်အလိုက် ကန်တော့ငွေကောက်ခံပေးကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကြပြီး ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ငွေများ လက်ရောက် ပေးအပ်ကြသည်။ ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အနှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အကြိမ်(၃၀)မြောက် ပုလဲရတုအာစရိယပူဇော်ပွဲသို့ ကန်တော့ခံအငြိမ်စားဆရာကြီး၊ ဆရာမကြီး ၁၅၉ ဦးအနက် ၈၉ဦး တက်ရောက်ကန်တော့ခံခဲ့ကြပြီး၊ကျောင်းသား၊ ကျောင်းသူဟောင်းများ စုစုပေါင်း ၁၃၈ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (၄၅၆)





## မိုင်းယောင်းမြို့၌ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

**မိုင်းယောင်း ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့ မွန်းလွဲပိုင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေ့လယ်ပိုင်းက ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းတို့နှင့် အတူ တက်ရောက်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ညနေ ၃ နာရီတွင် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်စစ်ကြောင်းကြီး(၅)ကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့စစ်မှုထမ်းသင်တန်း(၉/၂၀၂၄) သင်တန်းသားစေလွှတ်နိုင်ရေး၊ လူကုန်ကူးမှုအန္တရာယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာသိကောင်းစရာများ တောမီးမရှို့ရန်စသည့် မီးခိုးမြူငွေ့လျှော့ချရေးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၅၀၅)**

## ဆောင်းနေကြာသီးနှံ မျိုးစေ့ထုတ်စိုက်ခင်း ၄၅ ဧက အကောင်အထည်ဖော် စိုက်ပျိုးထားရှိ

**မင်းဘူး ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံစေရေး၊ ဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မာရေးနှင့် နေကြာသီးနှံကို တောင်သူအချင်းချင်း မျိုးသန့်ပွား သုံးစွဲနိုင်စေရန်ရည်ရွယ်၍ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းနေကြာသီးနှံမျိုးစေ့ထုတ်စိုက်ခင်း ၄၅ ဧကကို ဒေသခံအကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံအကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းပြီး ဒေသခံတောင်သူ ၁၃ ဦးဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် ဆောင်းနေကြာသီးနှံ မျိုးစေ့ထုတ်စိုက်ခင်းအဖြစ် ဆင်းရွှေကြာ-(၂) ဧက ၃၀နှင့် ရေဆင်းစပ်မျိုး-(၁) ၁၅ ဧက စုစုပေါင်း ၄၅ ဧကကို အကောင်အထည်ဖော် စိုက်ပျိုးထားကြောင်း၊ ဆောင်းနေကြာသီးနှံ မျိုးစေ့ထုတ်စိုက်ခင်း ဆောင်ရွက်သည့် အကျိုးဆောင်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးသွင်းအားစုအနေဖြင့် ဆင်းရွှေကြာ-(၂) မျိုးစေ့တစ်ဧကလျှင် 3 Kg နှုန်း၊ ရေဆင်းစပ်မျိုး-(၁) မျိုးစေ့တစ်ဧကလျှင် အဖို 1 Kg နှင့် အမ 3 Kg နှုန်း ပံ့ပိုးပေးထားသည့်အပြင် ယူရီးယားဓာတ်မြေဩဇာတစ်ဧကလျှင် 50 Kg တစ်အိတ်နှုန်းကို ဌာနမှ သတ်မှတ်ဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချပေးထားကြောင်း၊ စိုက်ပျိုးနည်းစနစ် မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်ရရှိရေး နေကြာမျိုးစေ့ချချိန်မှ ရင့်မှည့်ချိန်အထိ တောင်သူပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စိုးလင်းက ပြောသည်။

ဒေသခံတောင်သူအများစုသည် ဆောင်းနေကြာသီးနှံကို ကြောင်းဆွဲစနစ်နှင့် ပက်ကြဲနစ် သီးသန့်၊ သီးထပ်၊ သီးညှပ် ပုံစံမျိုးစုံဖြင့် စိုက်ပျိုးလေ့ရှိကြောင်း၊ ကြောင်းဆွဲစိုက်ပျိုးနည်းသည် မျိုးစေ့အကျမှန်ကာ စိုက်ပျိုးနည်းစနစ်မှန်ကန်သည့်အတွက် အထွက်နှုန်း ပိုမိုကောင်းမွန်ကြောင်း၊ ယခုလက်ရှိ နေကြာမျိုးသန့်ပွားစိုက်ခင်းအား အဖိုတစ်တန်း၊ အမလေးတန်းနှုန်းဖြင့် ကြောင်းဆွဲ စိုက်ပျိုးထားပြီး မြေခံမြေဩဇာသုံးစွဲ၍ ပေါင်းမြက်နှိမ်နင်းကာ သားခွဲခြင်းနှင့် သဘာဝရွက်ဖျန်း အားတိုးဆေးများ ပက်ဖျန်းထားကြောင်း၊ နေကြာသီးနှံကို စနစ်တကျ စိုက်ပျိုးနိုင်ပါက အထွက်နှုန်းတိုးတက်ကောင်းမွန်ပြီး နေကြာမျိုးကောင်းမျိုးသန့်များအား မျိုးသန့်ပွားပြန်လည်ရောင်းချချိန်၌ ဈေးကောင်းပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးပြီး (ပန်းပွင့်စ)ဝတ်မှုန်ကူးချိန်မှ ပန်းပွင့်ပြီးဆုံးချိန်အထိ ပျားအုံပုံးများကို နေရာအနှံ့လာရောက်ချထားပေးခြင်းသည် နေကြာစိုက်ခင်းများအပြင် အခြားသီးနှံများအတွက် များစွာအထောက်အကူပြုကြောင်း ရေမြက်ကျေးရွာမှ ဒေသခံတောင်သူ ဦးအောင်ဆန်းဝင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အဆိုပါနေကြာမျိုးစေ့ထုတ်စိုက်ခင်း ၄၅ ဧက အပါအဝင် ဆောင်းနေကြာသီးနှံကို မျိုး၊ မြေ၊ ရေ၊ စိုက်နည်းတို့ကို အခြေခံ၍ သီးသန့်၊ သီးထပ်၊ သီးညှပ်စိုက်ခင်းများအဖြစ် ဧကပေါင်း ၂၉၇၈၈ ဧကအထိ တိုးချဲ့စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အောက်ပုံ) (၅၀၀)**



## မန္တလေးကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းအုပ် ဆရာတော်အား ကံထပ်မင်္ဂလာကျင်းပ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ဖြဟ္မစိုရ်အသင်းနှင့် မန်းတောင်ခြေဘိုးဘွားရိပ်သာသို့ ငွေလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသဝအား ကံထပ်မင်္ဂလာနှင့် မန္တလေးမြို့ရှိဇီဝိတဒါနသံဃာ့ဆေးရုံ၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် မန်းတောင်ခြေဘိုးဘွားရိပ်သာသို့ ငွေလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၉ရက် မွန်းလွဲ ၁နာရီက ချမ်းအေးသာစံမြို့နယ် ၂၇လမ်းနှင့် ၆၄လမ်းထောင့်ရှိ Oriental House ခန်းမတွင် ကျင်းပသည်။

အလှူရှင် မဟာအောင်မြေမြို့နယ်၊ ရှမ်းပွဲရပ်နေ ကိုမျိုးကျော်လွင် + ဒေါက်တာသီရိဝေ(သီရိသစ္စာဟိုတယ်နှင့် သစ္စာစေတနာဆောက်လုပ်ရေးနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)မိသားစုက ကံထပ်၊ ရဟန်းခံ၊ နားသအလှူတော်မင်္ဂလာအထိမ်းအမှတ် ပင့်သံဃာအပါး ၂၀တို့အား နဝကမ္မဝတ္ထု ငွေကျပ် ၁၀ သိန်းနှင့် ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မန်းတောင်ခြေဘိုးဘွားရိပ်သာသို့ ဆေးပဒေသာပင် ငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ ငွေပဒေသာပင်ငွေကျပ် ၁၀ သိန်းတို့ကိုလှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(ကဆ)**



## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က အလှူရှင် မန္တလေးမြို့နေ နှစ်ဖက်သောအဘိုး၊ အဘွားများ အမှူးထား၍ ဒေါက်တာစောရန်နိုင်+ဒေါက်တာဖူးဖူးမြင့်လွင့်တို့၏ သားဦးရတနာမောင်ဖြိုးမြတ်ဟန် ရက်(၁၀၀)ပြည့်နှင့် နာမည်ပေးကင်ပွန်းတပ်အတွက် ဆွမ်းအလှူငွေကျပ် ၅၄၀၀၀၀ လှူဒါန်းရာ ဆေးရုံအကျိုးတော်ဆောင်ဆရာဝန်ကြီး ဒေါက်တာဦးမောင်ဝင်း၊ ဆေးရုံအုပ်ကြီးဒေါက်တာဦးခင်မောင်၊ ဘဏ္ဍာရေးဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၄၀၂၆၆၂၃၂၄ သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ကဆ)**

၀-၀-၀-၀-၀



## သံဃာတော်အပါး ၁၃၀ ကျော် အရဏ်ဆွမ်းလောင်းလှူ

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉လမ်း၊ ၈လမ်းနှင့် ၉လမ်းကြားရှိ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ရုံးအရှေ့တွင် ဒီဇင်ဘာ ၂၉ ရက် နံနက် ၅ နာရီခွဲက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲ(၃)တပ်ခွဲမှူး မောင်မောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မိသားစုဝင်များက ရပ်လေးရပ်ပြင်မှ ဆွမ်းခံကြွရောက်တော်မူကြသော သံဃာတော်အပါး ၁၃၀ ကျော်အား (၁၈၃)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားအာလူးချက်၊ ကုလားပဲချက်၊ ငါးလေးခြောက်ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ် စသည့် ဆွမ်း၊ ဆွမ်းဟင်းများ အရဏ်ဆွမ်းလောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**(၀၇၀)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်၊ အကွက်(၈၃၁)၊ ဦးပိုင်(၄၁-က)၊ ဧရိယာ(၀ ဒသမ ၀၂၅၃)ဧက အကျယ်အဝန်းရှိ ဦးကျော်သိန်းအမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်သိန်း(ဘ) ဦးကျော်ဇော(၉/မရတ(နိုင်)၀၁၇၀၉၇)သည် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာနမှုးရုံး၌ (၆-၇-၂၀၁၇)ရက်က ဦးအောင်ကျော်သူ(ဘ)ဦးချစ်တင်(၉/မရမ(နိုင်)၀၈၅၅၀၇)အား အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၈၀/၂၀၁၇)ဖြင့် လွှဲအပ်ထားခြင်းကို လွှဲအပ်သူမှ ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမှုရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မင်း(B.Sc(Chem;),Dip in Business Law, H.G.P)**
**အထက်တန်းရှေ့နေ(စဉ်-၂၀၀၅၁)**
**လမ်း၈၀နှင့် ၄၃လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၄)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ အာရ်စီ(၄)ထပ် အဆောက်အအုံ၏ မြောက်ဘက်ခြမ်း မြေညီထပ်၊ (၁၇×၄၈)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ဦးစိန်ဝင်း(ခ)ဦးဇော်လှိုင်(ဘ)ဦးလှမြင့်(၁၂/ကမန(နိုင်)၀၉၇၁၆၈)နှင့် ဒေါ်ဖြိုးသီတာထွေး(ဘ)ဦးတင်ညွန့်(၅/စကန(နိုင်)၀၀၅၄၁၀)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္ဇူမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၅(၁))၊ ဦးပိုင်နံပါတ်(၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၀၉)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမွေဖုလ(ဘ)ဦးမွေဖုဂမ်(၁၃/ကခန(နိုင်)၀၄၆၀၆၇)(၄င်း၏ကိုယ်စား ဇနီးဖြစ်သူ ဒေါ်လှလှဝင်း(ဘ)ဦးရွှေ(၁၃/ကခန(နိုင်)၀၂၉၈၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး(LL.B,LL.M) | ဒေါ်အိအိမွန်(LL.B,LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင်(LL.M) | ဦးဝေဖြိုးသူ(LL.B) | ဦးဖြိုးသာခန့်(LL.B) | ဒေါ်ကောင်းစုဝမ်း(LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၃)၊ ဦးပိုင်နံပါတ်(၄၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဒေါ်ဆွေဆွေမြင့်အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း (၂၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးခိုင်(ဘ)ဦးခင်မောင်ညို(၉/မရတ(နိုင်)၁၀၇၉၅၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး(LL.B,LL.M) | ဒေါ်အိအိမွန်(LL.B,LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင်(LL.M) | ဒေါ်အေးနန္ဒာထွန်း(LL.B) | ဒေါ်မာလာခိုး(LL.B) | ဒေါ်ဖူးသန့်မွန်(LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုး မဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

# AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအား အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ရက်ရက်စက်စက် သတ်ဖြတ်ခြင်း၊ အဆိုပါ သတ်ဖြတ်နေသည့် Video File များကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း ပြုလုပ်လျက်ရှိသည်။ ထို့ပြင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များအပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာ မရှိသည့်အတွက်

*စာမျက်နှာ ၇ သို့ ❍*

## ခေတ္တရပ်နားထားသည့် MNL အမှတ်ပေးပြိုင်ပွဲ လက်ကျန်ပွဲများ ဇန်နဝါရီဒုတိယပတ် ပြန်လည်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာ့လက်ရွေးစင်အသင်း၏ Asean Cup ပြိုင်ပွဲကြောင့် နိုဝင်ဘာနောက်ဆုံးပတ်ကတည်းက ရပ်နားထားသည့် ၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ လက်ကျန်ပွဲစဉ်များကို ဇန်နဝါရီ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို ပွဲစဉ်(၁၄)အထိသာ ကျင်းပပြီးစီးထားသောကြောင့် ပွဲစဉ်ရှစ်ခုထပ်မံကျင်းပရမည်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက်မှ မတ် ၁ ရက်အတွင်း အပြီးကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၁၄)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၀ ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၃၄ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၃၃ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၉ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၃ မှတ်၊ မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့က ၁၉ မှတ်စီ၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းက ၁၁ မှတ်စီ၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက သုံးမှတ်ရရှိထားသည်။ ရမှတ်အနေအထားအရ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရန် အခြေအနေအကောင်းဆုံးဖြစ်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ထပ်မံဗိုလ်စွဲပါက စံချိန်သစ်များစွာ တင်ရှိမည်ဖြစ်သောကြောင့် အကောင်းဆုံးကြိုးပမ်းလျက်ရှိပြီး ၂၀၂၀ ရာသီကတည်းက တင်ရှိထားသည့် ရှုံးပွဲမရှိ စံချိန်မှာလည်း ပွဲ ၇၀ အထိရှိလာပြီဖြစ်သောကြောင့် ယင်းစံချိန်ကို ဆက်ထိန်းထားနိုင်ခြင်းရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရန် ဇယားထိပ်ပိုင်းမှ ရန်ကုန်ယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်တို့နှင့် ထိပ်တိုက်တွေ့ဆုံမည့်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**



ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက် ပထမအကျော့ တွေ့ဆုံခဲ့စဉ်။



## အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှီ အီလက်ထရစ်ဖလား) ဗိုလ်လုပွဲစဉ်တွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်

အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှီ အီလက်ထရစ်ဖလား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှီ အီလက်ထရစ်ဖလား)ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ထိုင်းအသင်းက ဖိလစ်ပိုင်အသင်းအား နှစ်ကျော့ပေါင်းရလဒ် လေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗီယက်နမ်အသင်းကလည်း စင်ကာပူအသင်းအား နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ အသီးသီး တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ထိုင်း အသင်းနှင့် ဗီယက်နမ်အသင်းတို့သည် အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှီ အီလက်ထရစ်ဖလား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အား နှစ်ကျော့ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး လာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ပထမအကျော့ပွဲစဉ်၊ ဇန်နဝါရီ ၅ ရက်တွင် ဒုတိယကျော့ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ထို့ကြောင့် အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှီ အီလက်ထရစ်ဖလား) ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုအား မည်သည့်အသင်းက ဆွတ်ခူးရယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရဦးမည်ဖြစ်သည်။

**(NGB)**

၀-၀-၀-၀-၀